ကြေးမုံ
The Mirror
၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၇ ရက်၊ တနင်္ဂနွေနေ့၊ (11-4-2004) (၄၂၀၃)

ကာလေန ဓမ္မဿဝနံ
တေ် မင်္ဂလ မုတ္တမံ။

သင့်လျော်သောအခါ၌ တရားနာခြင်းသည် မြတ်သော
မင်္ဂလာ မည်၏။

**အနီးစခန်းလေယာဉ်ကွင်း
တိုးချဲ့တည်ဆောက်ရေး**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ ပြင်ဦးလွင်မြို့နယ် အနီးစခန်းလေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းတွင် ကြည့်ရှုစစ်ဆေးကြစဉ်။ (ယာပုံနှင့် အောက်ပုံ) (သတင်းစဉ်)

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အနီးစခန်းလေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေး လုပ်ငန်းများနှင့် ပြင်ဦးလွင် ဆေးဝါးစက်ရုံသစ် တည်ဆောက်ပြီးစီးမှုအခြေအနေများ ကြည့်ရှုစစ်ဆေးမှာကြား

မြန်မာပြည်အလယ်ပိုင်းနှင့် အထက်ပိုင်း၌ ဆေးဝါးနှင့်ဆေးဝါးပစ္စည်းများ လွယ်ကူလျင်မြန်စွာ ဖြန့်ဖြူးနိုင်မည်

ရန်ကုန် ဧပြီ ၁၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဧပြီ ၇ရက် နံနက်ပိုင်းတွင် မြန်မာ့လေကြောင်း အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ကြရာ နံနက် ၉နာရီခွဲတွင် မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ကြိုဆို

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ရန်သိမ်း၊ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

ယနေ့ထုတ်ဓာင်ရေ

၁၉၇၈၈၁

နိုင်ငံတော် ပွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၁-၄-၂၀၀၄
(တနင်္ဂနွေနေ့)

ပန်းပိတောက်ပွင့်ဖူး လတန်ခူး၏ နှစ်သစ်ကူးမဟာသင်္ကြန်ကို ကြိုဆို

အချိန်ကာလမှာ နှစ်သစ်ကူးသည့် တန်ခူးလရာသီဖြစ်သည်။ တောတောင်တစ်ခိုတွင် ပင်အို၊ ပင်ပျိုတို့အထက်၌ ရွက်နု၊ ရွက်သစ်တို့ဖြင့် စိမ်းရောင်စိုလျက်ရှိသည်။

သင်္ကြန်မိုးပြေးနှင့်အတူ ပိတောက်ပန်းများပင်လုံးညွတ်မျှ ဖူးပွင့်ဝေဆာလျက်ရှိသည်။ တန်ခူးလေသည် ကံ့ကော်ပန်းနှင့် ပိတောက်ပန်းတို့၏ သင်းရနံ့များကို သယ်ဆောင်လာရာ ဝန်းကျင်တစ်ခိုတွင် သင်းထုံ မွှေးပျံ့လျက်ရှိသည်။

တော၏အလှ၊ တောင်၏အလှ၊ ရာသီပန်းတို့၏ အလှများဖြင့် ပြည့်စုံဝေဆာနေသည့် တန်ခူးလတွင် မြန်မာ့ရိုးရာ ယဉ်ကျေးမှု နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကို ဆင်နွှဲကြသည်။ မြန်မာနိုင်ငံတွင် တစ်ဆယ့်နှစ်လရာသီပွဲများရှိသည့်အနက် မဟာသင်္ကြန်ပွဲတော်မှာ အထူးခြားဆုံး၊ ပျော်ရွှင်ဖွယ်ရာအကောင်းဆုံးဖြစ်သည်။

နှစ်ဟောင်းလွန်မြောက်၍ နှစ်သစ်သို့ကူးပြောင်းသည့် မြန်မာတို့၏ နှစ်သစ်ကူးပွဲတော်ကို ရေစင်သွန်းလောင်းပက်ဖျန်းကြသည့် သင်္ကြန်ပွဲတော်ကျင်းပ၍ ဆင်နွှဲကြသည်။ နှစ်ဟောင်းမှအညစ်အကြေးတို့ကို ဆေးကြောသန့်စင်သည့်အနေဖြင့် ရေစင်ပက်ဖျန်း သွန်းလောင်းကြခြင်းဖြစ်သည်။

မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်သည် ပျော်ရွှင်ဖွယ်ရာကောင်းရုံသာမက မြန်မာတို့၏ ယဉ်ကျေးသိမ်မွေ့သော ဓလေ့စရိုက်များ လွှမ်းခြုံလျက်ရှိသည်။ သင်္ကြန်အကြိုနေ့မှသည် သင်္ကြန်အတက်နေ့အထိ ပျော်ရွှင်စွာရေပက်ကစားကြသည်။ ရှေးကာလကပင် အတာသင်္ကြန်ပွဲများ ကျင်းပ၍ ရေဖျန်းပက်ကစားကြသည်။ ငွေဖလားတွင် စန္ဒကူးနံ့သာ အမွှေးရည်များထည့်၍ ယဉ်ကျေးသိမ်မွေ့စွာ ဖျန်းပက်သွန်းလောင်းကြသည်။

အမွှေးနံ့သာရည်ကို သပြေခက်ဖြင့်ယူ၍ တစ်ဦးနှင့်တစ်ဦး ရင်းနှီးခင်မင်စွာ ဖျန်းပက်ကြသည်။ ရေပက်သူရော၊ ရေပက်ခံရသူတို့ပါ ပျော်ရွှင်ကြည်နူးကြရသည်။ အေးမြသောရေ၊ မွှေးပျံ့သောရေတို့ဖြင့် သွန်းလောင်းပက်ဖျန်း ရေကစား ကြသည့် မြန်မာ့ရိုးရာ မဟာသင်္ကြန်၏ ထုံးတမ်းအစဉ်အလာများကို ဆက်လက်ထိန်းသိမ်းကြရမည် ဖြစ်သည်။

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲဆင်နွှဲကြရာတွင် တစ်ဦးနှင့်တစ်ဦး မေတ္တာရှေ့ထား၍ အေးမြစေကြောင်း၊ သန့်စင်စေကြောင်း မေတ္တာစိတ်ဖြင့် ယဉ်ကျေးစွာ ရေပက်ကစားသင့်ကြသည်။ သို့မှသာ သင်္ကြန်၏ အနှစ်သာရ၊ သင်္ကြန်၏ပျော်ရွှင်ဖွယ်ရာများကို အပြည့်အဝ ရရှိခံစားကြည်နူးနိုင်ကြမည် ဖြစ်သည်။

သင်္ကြန်ပွဲတော်ရက်များအတွင်း ရေသဘင်ပွဲဆင်နွှဲသူများသည် မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီက တိုက်တွန်းနှိုးဆော်ထားချက်များနှင့်အညီ လိုက်နာဆင်နွှဲသင့်ကြသည်။ အထူးသဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူမှုများ မပြုလုပ်ကြရန် ထိန်းသိမ်းဆင်ခြင်ကြရမည် ဖြစ်သည်။

ထို့အပြင် ရေကစားသူအချင်းချင်း ဒဏ်ရာအနာတရဖြစ်စေနိုင်သည့် ကြမ်းတမ်းသော ရေကစားမှုများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆိုမှုများကို အထူးသတိထား ရှောင်ကြဉ်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ၁၃၆၅ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ရက်များအတွင်း မြန်မာပြည်သူတစ်ရပ်လုံး မြန်မာ့ရိုးရာ ယဉ်ကျေးမှု အစဉ်အလာများကို ထိန်းသိမ်း၍ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ပျော်ရွှင်မြူးမြေစွာ ဆင်နွှဲနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ကြေးမုံက မြန်မာ့နှစ်သစ်ကူး မဟာသင်္ကြန်ကို ကြိုဆိုပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မဟာသင်္ကြန်အခါတော် အကျ၊ အကြတ်၊ အတက်ရက်များနှင့် မြန်မာ-ရခိုင် နှစ်ဆန်းတစ်ရက် ဝါဆိုဝါကပ်လရက်များကြေညာ

ရန်ကုန် ဧပြီ ၁၀

ဇေယတု မြန်မာသက္ကရာဇ် ၁၃၆၅ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၉ရက်၊ ရခိုင်သက္ကရာဇ် ၁၃၆၅ ခုနှစ်(ပ)တာကူးလပြည့်ကျော် ၉ရက်၊ ခရစ်နှစ် ၂၀၀၄ ဧပြီ၁၃ရက် အင်္ဂါနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ မြန်မာစံတော်ချိန် ညစက် ၈နာရီ ၁၂မိနစ် ၃၃ စက္ကန့်အချိန်တွင် မဟာသင်္ကြန်ကျသည်။

မြန်မာသက္ကရာဇ် ၁၃၆၅ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁၀ရက် ၁၁ရက်၊ ရခိုင်သက္ကရာဇ် ၁၃၆၅ ခုနှစ်(ပ)တာကူးလပြည့်ကျော် ၁၀ရက်၊ ၁၁ရက်၊ခရစ်နှစ် ၂၀၀၄ခု ဧပြီ ၁၄ရက်၊ ၁၅ရက် ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့များတွင် မဟာသင်္ကြန် နှစ်ရက်ကြတ်သည်။

မြန်မာသက္ကရာဇ် ၁၃၆၅ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော်၁၂ရက်၊ ရခိုင်သက္ကရာဇ် ၁၃၆၅ခုနှစ် (ပ)တာကူးလပြည့်ကျော် ၁၂ရက်၊ ခရစ်နှစ် ၂၀၀၄ ဧပြီ၁၆ရက် သောကြာနေ့ မြန်မာစံတော်ချိန် ညဉ့် ၁၂နာရီ ၁၇မိနစ် ၁၅စက္ကန့်အချိန်တွင် မဟာသင်္ကြန်တက်သည်။

မြန်မာသက္ကရာဇ် ၁၃၆၆ ခုနှစ် ဦးတန်ခူးလပြည့်ကျော် ၁၃ရက်၊ ရခိုင်သက္ကရာဇ် ၁၃၆၆ ခုနှစ် (ပ)တာကူးလပြည့်ကျော် ၁၃ရက်၊ ခရစ်နှစ် ၂၀၀၄ ဧပြီ ၁၇ရက် စနေနေ့သည် မြန်မာ-ရခိုင် နှစ်ဆန်းတစ်ရက်နေ့ဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၃၆၆ ခုနှစ်တွင် အဓိမာသ-အဓိဝါရ(လထပ်-ရက်ငင်)ရှိသော နှစ်ဖြစ်၍ ဗုဒ္ဓဘာသာသာသနာတော်ဝန်ထမ်းရဟန်းတော်အရှင်မြတ်တို့မှာ ၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁ရက်၊ ရခိုင်သက္ကရာဇ် ၁၃၆၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ရက်၊ ခရစ်နှစ် ၂၀၀၄ ဩဂုတ်လ ၁ရက် တနင်္ဂနွေနေ့တွင် ပထမပုရိမဝါ ကပ်ဆိုတော်မူကြ၍ မြန်မာ-ရခိုင် သက္ကရာဇ် ၁၃၆၆ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁ရက်၊ ခရစ်နှစ် ၂၀၀၄ ဩဂုတ်လ ၃၁ရက် အင်္ဂါနေ့တွင် ဒုတိယပစ္ဆိမဝါ ကပ်ဆိုတော်မူကြရမည်ဖြစ်သည်။

မြန်မာသက္ကရာဇ်၁၃၆၆ခုနှစ်ဝေါဟာရ ကဆုန်လပြည့်နေ့မှာ ခရစ်နှစ် ၂၀၀၄ မေ၃ရက် တနင်္လာနေ့ဖြစ်ပြီး တိထိ ကဆုန်လပြည့်နေ့မှာ ခရစ်နှစ် ၂၀၀၄ မေ ၅ရက် ဗုဒ္ဓဟူးနေ့ဖြစ်သည်။

မြန်မာသက္ကရာဇ် ၁၃၆၆ ခုနှစ်တွင် နေ နှစ်ကြိမ် လနှစ်ကြိမ်ကြတ်မည်ဖြစ်သည်။ နေသည် ၁၉-၄-၂၀၀၄၊ ၂၀:၀၀နာရီတွင် ပထမအကြိမ် ကြတ်ပြီး မြန်မာပြည်မှ မမြင်ရပါ။ ၁၄-၁၀-၂၀၀၄ ဝ၉:၂၉နာရီတွင် ဒုတိယအကြိမ် ကြတ်ပြီး မြန်မာပြည်မှ မမြင်ရပါ။

လမင်းသည် ၅-၅-၂၀၀၄ ဝ၃:၀၀ နာရီတွင် ပထမအကြိမ်ကြတ်ပြီး မြန်မာပြည်မှ မြင်ရပါမည်။ ၂၈-၁၀-၂၀၀၄ ဝ၉:၃၄နာရီတွင် ဒုတိယအကြိမ် ကြတ်မည်ဖြစ်ပြီး မြန်မာပြည်မှ မမြင်ရကြောင်းဖြင့် ယဉ်ကျေးမှုဝန်ကြီး ဌာနမှ သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

ကော့ဖီကေါ်သောင်း ပြည့်မီအောင်စိုက်ပျိုးရေး ကွင်းဆင်းလေ့လာ

ရန်ကုန် ဧပြီ ၁၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမြင့်ရွှေဦးဆောင်၍ စက်မှုလယ်ယာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကြည်ဝင်း၊ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်၊ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်မောင်တို့ပါဝင်သော အဖွဲ့သည် ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်တွင် ကော့ဖီကေါ်သောင်း ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဘန့်ဘွေးဒေသ၊ဟိုခိုဒေသ၊သရက်ကုန်းဒေသအတွင်း ရေအရင်းအမြစ်များ ထုတ်ဖော်ရန် ဧပြီ၂ရက်မှ ၄ရက်အထိ ကွင်းဆင်းလေ့လာခဲ့ကြသည်။**(အောက်ပုံ)**

နောင်ချိုဒေသတွင် ကော်ဖီနှင့် မက္ကာဒေးမီးယားစိုက်ပျိုးထုတ်လုပ်လိုသော ပုဂ္ဂလိကလုပ်ငန်းရှင်များအား မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ သစ်တောဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနများ ပူးပေါင်းပြီး မြေများဖော်ထုတ်ပေးလျက်ရှိသည်သာမက မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှ ကော်ဖီစိုက်ပျိုးရာတွင် အထောက်အကူပြုစေရန်အတွက် ချေးငွေများ ထုတ်ပေးလျက်ရှိသည်။

(က-ပ)

ရခိုင်ရိုးရာသင်္ကြန်ပွဲတော်

* ပိတောက်ဝါဝါ ပွင့်ခါစ
တန်ခူးလလို့ ခေါ်ကြပါတယ်။
လ-- လ၊ လက-- တန်ခူး
ပန်း-- ပန်း၊ ပန်းက-- ပွင့်ဖူး
တန်ခူးရေက၊ အေးတယ်အေးတယ်
ပိတောက်ပန်းက၊ မွှေးတယ်မွှေးတယ်။
ပိတောက်ပန်းက၊ စီလို့ဝါတယ်
ငုဝါပန်းက၊ ညီလို့ဖြာတယ်
စီ-- စီ၊ စီလို့ဝါတယ်
ညီ-- ညီ၊ ညီလို့ဖြာတယ်
သင်္ကြန်ကလည်းအခါတော်
ခြိမ့်ခြိမ့်သဲလို့၊ ပျော်ကြမယ်နော်။

* သနပ်ခါးဖုံဖုံ လိမ်းကျံသ
အပျိုမတို့အလှပြိုင်။
ပိတောက်နှင့်ငုဝါပန်း
မဏ္ဍပ်မှာအုန်းလက်ခိုင်
ထိုးလိုက်ကြအတိုင်တိုင်
ယှဉ်ပြိုင်လို့တစ်မူထူး။
အစ်ကိုလူပျိုတစ်သင်းလည်း
သီချင်းဆိုသံချပ်ထိုး
ရိုးရာကမြူး။

* ခေါင်းပေါ်မှာလက်မြှောက်ထား
လက်ဖျားလေးချိုးနွဲ့က
ခြေနှစ်ဖက်စည်းဝါးနင်း
သီချင်းနှင့်ညီညာ
ဝိုင်းဖွဲ့လို့သာ
သင်္ကြန်ခါပျော်မွေ့။
နှစ်ဦးကြိုအပြိုင်က။
မြိုင်လှတယ်လေ့။

* မောင်းဆိုင်းနှင့် ကြေးဝိုင်း
အိုးစည်ဝိုင်း လင်းကွင်းညံ
ခြောက်လုံးပတ် ပတ္တလား
စည်းဝါးကမုန်။
တီလိုက်တဲ့နဲ့သံ
သံချပ်တွေအတိုင်ဖောက်။
ဆိုင်းချက်ညီဟန်ရေးပြလို့
ကခုန်ကာလှည့်လည်ကူး
မြူးလို့ဝမ်းမြောက်။

* ပြိုင်လောင်းလှေစီတန်းလို့
ပိတောက်ပန်းနှင့်ပျိုမေခင်။
နံ့သာရေမွှေးချိုမြလို့
ဆင်တူလှသစ်လွင်
လောင်းမယ်လို့ဟန်ပြင်
ယဉ်ပေတဲ့လှပဂေး။
အရှုံးအနိုင်ရေလောင်းပွဲ
နွှဲကြမယ်လေး။

မောင်ကြင်နွယ်

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်ရှား

ရန်ကုန် ဧပြီ ၁၀

၂၀၀၄ခုနှစ် ဧပြီ ၁၀ရက် မြန်မာစံတော်ချိန် ၁၀နာရီ၊ ၅၄မိနစ်၊ ၂၈ စက္ကန့်အချိန်တွင် ကမ္ဘာ့အေး မြေငလျင်စခန်း၏ မြောက်ဘက် ၂၁၃မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းနေရာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၆အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း သက်ဆိုင်ရာက ယနေ့ထုတ်ပြန်သည်။

အီရတ်တွင် ရှီးယိုက်တို့၏ ဆန့်ကျင်တိုက်ခိုက်မှုများ ပြင်းထန် တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ စခန်းအတွင်း၌သာနေရန် ညွှန်ကြား

ဆိုးလ် ဧပြီ ၈

အီရတ်နိုင်ငံတွင် ရှီးယိုက်များ၏ ဆန့်ကျင်တိုက်ခိုက်မှုများ ပြင်းထန်လျက်ရှိသောကြောင့် ထိုနိုင်ငံရောက် တောင်ကိုရီးယားတပ်ဖွဲ့များကို စခန်းအတွင်း၌သာနေထိုင်စေပြီး အပြင်သို့ ထွက်ခွင့် မပေးဘဲထားရှိသည်။ နာဆီရီယာမြို့ရှိ တောင်ကိုရီးယားတပ်ဖွဲ့များက ဆောင်ရွက်နေသည့် ဆောက်လုပ်ရေးလုပ်ငန်း၊ ဆေးဝါးနှင့် ကျန်းမာရေးလုပ်ငန်းများကိုပါ ရပ်ဆိုင်းထားလိုက်ကြောင်း တောင်ကိုရီးယား အာဏာပိုင်တစ်ဦးက ပြောကြားသည်။

အီရတ်တွင် မတည်မငြိမ်မှုများ ဖြစ်ပွားနေပြီး တိုက်ခိုက်မှုများတိုးပွားလာခြင်းကြောင့် တောင်ကိုရီးယားတပ်ဖွဲ့များကို စခန်းချရာတပ်ဝင်းအပြင်ဘက်သို့ ထွက်ခွင့်မပေးဘဲထားသည့်အပြင် စခန်း၏ လုံခြုံရေးကိုပါ တိုးမြှင့်ဆောင်ရွက်ထားကြောင်း ပူးတွဲစစ်ဦးစီးချုပ်ရုံးမှ အမည်မဖော်လိုသူ အရာရှိတစ်ဦးက ပြောကြားသည်။

လွန်ခဲ့သော ရက်အနည်းငယ်အတွင်း ရှီးယိုက်များ၏ ဆန့်ကျင်တိုက်ခိုက်မှုများသည် နိုင်ငံ၏တောင်ပိုင်းဒေသ ထက်ဝက်မျှဖြစ်သော နယ်မြေအထိ ပျံ့နှံ့သွားပြီး နာဆီရီယာမြို့တွင် တိုက်ခိုက်မှုများ အပြင်းအထန်ဆုံးဖြစ်သည်။ ပြီးခဲ့သော တနင်္ဂနွေနေ့မှစ၍ ရေတွက်လျှင် တိုက်ခိုက်မှုများအတွင်း အမေရိကန်စစ်သည် ၃၅ ဦး၊ အယ်လ်ဆာဗေဒိုတစ်ဦးနှင့် ယူကရိန်းတစ်ဦးတို့အပြင် အီရတ်လူမျိုး ၂၃၀ ကျော်တို့လည်း သေဆုံးခဲ့ရပြီဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယား ပြောရေးဆိုခွင့်ရှိသူက တောင်ကိုရီးယားတပ်ဖွဲ့များက ဆောင်ရွက်နေသော ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ဆေးဝါးကုသရေးလုပ်ငန်းများ ရပ်ဆိုင်းထားလိုက်ကြောင်းသာ ပြောကြားခဲ့ပြီး အဆိုပါ လုပ်ငန်းများ မည်သည့်အခါတွင် ပြန်လည်စတင်မည်ဆိုသည်ကို ပြောကြားခဲ့ခြင်းမရှိပေ။ ဆေးဝါးကုသမှုလုပ်ငန်းဖွင့်ထားစဉ်က အီရတ်များကို ကိုရီးယားတပ်ဝင်းအတွင်း လာရောက်ပြီး ဆေးဝါးကုသမှု ခံယူခွင့်ပေးခဲ့သည်ဟုဆိုသည်။

ယခုအခါ အီရတ်တွင် တောင်ကိုရီးယားတပ်ဖွဲ့ဝင် ၄၆၀ မျှရောက်ရှိနေပြီး နာဆီရီယာမြို့ဝန်းကျင်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။ မကြာမီကာလအတွင်း တောင်ကိုရီးယားတပ်ဖွဲ့ဝင် အင်အား ၃၂၀၀ ကို အီရတ်မြောက်ပိုင်းတွင် တာဝန်ထမ်းဆောင်ရန် အစီအစဉ်ရှိသည်ဟု ဆိုသည်။ ထိုတပ်ဖွဲ့ အသစ်များကို အီရတ်မြောက်ပိုင်းရှိ ကာ့ဒ်ဒေသရှိမြို့များဖြစ်သော စူလာမန်နီးယားနှင့် အာဘီးလ်မြို့ တစ်မြို့မြို့တွင် တာဝန်ချထားဖွယ်ရာရှိကြောင်း သိရသည်။

အင်တာနက်။

ဧပြီ ၈ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ကို ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်နေသော ခုခံတိုက်ခိုက်ရေးသမားများကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဧပြီ ၈ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် ပစ်ခတ်တိုက်ခိုက်ခံရမှုကြောင့် မီးလောင်ကျွမ်းနေသော အမေရိကန်သံချပ်ကာကားမှ ဒဏ်ရာရရှိသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို အခြားတပ်ဖွဲ့ဝင်များက ဆွဲခေါ်ထုတ်စဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဟွန်ဒူးရပ်စ်တပ်ဖွဲ့မှ အရာရှိတစ်ဦး အီရတ်၌ ဒဏ်ရာရ

မနားဂွား ဧပြီ ၉

အီရတ်နိုင်ငံအတွင်း တပ်စွဲထားသော ဟွန်ဒူးရပ်စ်နိုင်ငံတပ်ဖွဲ့မှ အရာရှိတစ်ဦးသည် စိန်ပြောင်းဖြင့် တိုက်ခိုက်မှုများကြောင့် ဒဏ်ရာရရှိခဲ့ကြောင်း ဟွန်ဒူးရပ်စ်လက်နက် ကိုင်တပ်ဖွဲ့က ကြာသပတေးနေ့တွင် ကြေညာသည်။

ဟွန်ဒူးရပ်စ် ကင်းလှည့်တပ်ဖွဲ့ကို နာဂျက်ဖ်မြို့၌ စိန်ပြောင်းများဖြင့် ဗုဒ္ဓဟူးနေ့က ပစ်ခတ်တိုက်ခိုက်စဉ် အဆိုပါတပ်ဖွဲ့မှ အရာရှိအဆင့်ရှိသူ မာကိုအန်တိုနီယိုသည် လက်မောင်းနှင့် ခြေထောက်တို့တွင် ဒဏ်ရာရရှိခဲ့သည်။

သို့ရာတွင် ဒဏ်ရာပြင်းထန်မှု မရှိခဲ့ကြောင်း ဟွန်ဒူးရပ်စ်မြို့တော် တီဂူပါမှ လာသော သတင်းများ ထွက်ပေါ်ခဲ့သည်။

အင်အား ၃၇၀ ရှိသော ဟွန်ဒူးရပ်စ်နိုင်ငံတပ်ဖွဲ့ကို လွန်ခဲ့သော ဖေဖော်ဝါရီတွင် အီရတ်ရှိအမေရိကန် အပေါင်းပါတပ်ဖွဲ့နှင့် ပူးပေါင်းတာဝန်ထမ်းဆောင်ရန် စေလွှတ်ခဲ့ကြောင်း ဟွန်ဒူးရပ်စ်လက်နက်ကိုင်တပ်ဖွဲ့မှ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ထုတ်ဖော်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာဥပဒေကို လေးစားလိုက်နာရန် လိုအပ် အမေရိကန်ဦးဆောင်သောတပ်ဖွဲ့ကို အာရပ်အဖွဲ့ချုပ် တိုက်တွန်း

ကိုင်ရို ဧပြီ ၉

အီရတ်နိုင်ငံတွင် ကျူးကျော်ရေးတပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားခုခံတိုက်ခိုက်ရေးသမားများအကြား တိုက်ပွဲအရှိန်မြင့်လာသည့်ကြားမှပင် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတကာဥပဒေကို လေးစားလိုက်နာကြရန် အာရပ်အဖွဲ့ချုပ်(အေအယ်လ်) အတွင်းရေးမှူးချုပ် မူဆာက ကြာသပတေးနေ့တွင် တိုက်တွန်းပြောကြားလိုက်သည်။

အီရတ်နိုင်ငံအတွင်း သွေးထွက်သံယိုမှုများ ပိုမိုကြီးထွားလာခြင်းအပေါ် မိမိတို့အားလုံး စိုးရိမ်ပူပန်ကြောင်းဖြင့် အေအယ်လ်အတွင်းရေးမှူးချုပ် မူဆာက ပြောကြားလိုက်သည်ဟု အရှေ့အလယ်ပိုင်း သတင်းဌာနက ကြေညာသည်။

အီရတ်အရပ်သားများ ထိခိုက်သည့် ဖြေရှင်းမှုများကို မိမိတို့က ပြစ်တင်ရှုတ်ချပြီး အီရတ်နိုင်ငံ နိုင်ငံတကာဥပဒေကိုလေးစားလိုက်နာကြရန် တောင်းဆိုကြောင်းဖြင့် မူဆာက ပြောဆိုသည်။

ရေငုံနှုတ်ပိတ် မနေနိုင်

ဤမျှဆိုးဆိုးရွားရွား အန္တရာယ်ကြီးမားသော အခြေအနေတွင် မိမိတို့အနေဖြင့် ရေငုံနှုတ်ပိတ် မနေနိုင်ကြောင်း၊ အီရတ်နိုင်ငံအတွင်း အခြေအနေမှာ လက်မခံနိုင်လောက်သည့်အဆင့်သို့ ရောက်လာပြီ ဖြစ်ကြောင်း အာရပ်အဖွဲ့ချုပ် အတွင်းရေးမှူးချုပ် မူဆာက ပြောကြားလိုက်သည်။

ကူညီဆောင်ရွက်

အာရပ်အဖွဲ့ချုပ်အနေဖြင့် အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မူဆာက ပြောကြားလိုက်ပြီး ၎င်းအနေဖြင့် ထိုနေ့စောစောပိုင်းကပင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်၊ အာရပ်နှင့် ဥရောပနိုင်ငံခြားရေးဝန်ကြီးများထံ ဖုန်းဆက်ထားပြီးဖြစ်သည်ဟုလည်း ပြောကြားလိုက်သည်။

အီရတ်နိုင်ငံ၏ အချုပ်အခြာအာဏာကို အီရတ်များ ပြန်လည်ထိန်းသိမ်းရေးနှင့် ထိုမျှအန္တရာယ်များသည့်အခြေအနေကို ကိုင်တွယ်ရာ၌ ကုလသမဂ္ဂအဖွဲ့ကြီး က အဓိကအခန်းကဏ္ဍမှ ပါဝင်ရန် မှာ သဘာဝကျကြောင်းဖြင့်လည်း အာရပ်အဖွဲ့ချုပ်အတွင်းရေးမှူးချုပ် မူဆာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မီးလောင်ကျွမ်း

ဧပြီ ၈ ရက်က အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက် ဆင်ခြေဖုံးဒေသတွင် အမေရိကန်စစ်တပ်အတွက် ထောက်ပို့ပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်တန်း ခုခံတိုက်ခိုက်ခံရသဖြင့် မီးလောင်ကျွမ်းနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်၏ ဆီသယ်ယာဉ်တန်း အတိုက်ခံရ ကိုးဦးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၁၀

ဘဂ္ဂဒက်မြို့ အနောက်ဘက်တွင် ပြီးခဲ့သည့်သောကြာနေ့က အမေရိကန်စစ်တပ်အတွက် လောင်စာဆီများ သယ်ဆောင်လာသည့် ယာဉ်တန်းကို ပြောက်ကျားများက တိုက်ခိုက်ရာ ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားပြီး အနည်းဆုံး လူကိုးဦးသေဆုံးသွားကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

အဘူဂါရိုက်အရပ် အနီးတွင် မီးလောင်နေသောယာဉ်များနှင့် ယာဉ်များအတွင်း၌ မီးစွဲနေသည့် လူခန္ဓာကိုယ်များပါ မြင်ခဲ့ရကြောင်း အခင်းဖြစ်ပွားရာနေရာသို့ ရောက်ခဲ့သော ရိုက်တာသတင်းဌာန ဓာတ်ပုံဆရာက ဆိုသည်။ ထိုယာဉ်တန်းတွင် အမေရိကန်စစ်ယာဉ်များနှင့် လောင်စာဆီသယ်သောယာဉ်များ ပါဝင်သည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတကာ သတင်းများ

အီရတ်နိုင်ငံ မြောက်ပိုင်းရှိ ဒီဝါနီယာမြို့တွင် ချုံခိုတိုက်ခိုက်မှုဖြစ်ပွား ကင်းလှည့်လာသော စပိန်တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရ

မဒရစ် ဧပြီ ၉

အီရတ်နိုင်ငံ မြောက်ပိုင်းရှိ ဒီဝါနီယာမြို့တွင် ကြာသပတေးနေ့က ချုံခိုတိုက်ခိုက်မှုကြောင့် စပိန်တပ်ဖွဲ့ဝင်သုံးဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း စပိန်ကာကွယ်ရေးဌာနက ပြောကြားသည်။

ဆန္ဒကျင်ဆန္ဒပြ

ဧပြီ ၈ ရက်က စပိန်နိုင်ငံ မဒရစ်မြို့ရှိ အမေရိကန်သံရုံးရှေ့တွင် အီရတ်ကျူးကျော်စစ်ကို ဆန့်ကျင်ဆန္ဒပြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကင်းလှည့်လာသော စပိန်တပ်ဖွဲ့ဝင်များသည် စပိန်တပ်ဖွဲ့များ အခြေစိုက်ရာ ဌာနချုပ်ရှိသည့် ဒီဝါနီယာတံတားကို ဖြတ်သန်းစဉ် အယ်လ်မာဒီ ခုခံတိုက်ခိုက်ရေး အဖွဲ့ဝင်များက တိုက်ခိုက်ခဲ့ကြခြင်း ဖြစ်ကြောင်း ကာကွယ်ရေးဌာန ကြေညာချက်တွင် ဖော်ပြထားသည်။

ဒဏ်ရာရရှိ

စပိန်တပ်ဖွဲ့ဝင်များသည် ဘီအမ်အာသံချပ်ကာ ကားတစ်စီး စောင့်ကြပ်လိုက်ပါလျက် ခြေလျင်ကင်းလှည့်ထွက်လာရာ ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက် ခံခဲ့ရကြောင်း၊ ဗိုလ်ကြီးတစ်ဦးနှင့် တပ်ဖွဲ့ဝင်နှစ်ဦးတို့ ထိခိုက်ဒဏ်ရာ ရရှိသွားကြောင်း ကြေညာချက်တွင် ပါရှိသည်။

အသက်အန္တရာယ်မရှိ

ယင်းထိခိုက်ဒဏ်ရာ ရရှိသူသုံးဦးတို့ကို ဒီဝါနီယာရှိ စပိန်အခြေစိုက်စခန်း၏ ဆေးဘက်ဆိုင်ရာဌာနသို့ သယ်ဆောင်သွားသည်။ တပ်ဖွဲ့ဝင်တစ်ဦးမှာ ဘယ်ဘက်မျက်စိတွင်ဒဏ်ရာရပြီး အခြားနှစ်ဦးမှာ လည်ပင်းတွင် ဒဏ်ရာရရှိသွားကြောင်း၊ သို့ရာတွင် ၎င်းဒဏ်ရာများမှာ အသက်အန္တရာယ်အတွက် စိုးရိမ်စရာ မရှိကြောင်း ဆရာဝန်များက ပြောကြားသည်။

ကုလသမဂ္ဂက အမေရိကန် ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့ အာဏာပိုင်များထံမှ အုပ်ချုပ်ရေး အာဏာ လွှဲပြောင်းရယူခြင်း မရှိပါက ဇွန် ၃၀ ရက် မတိုင်မီ စပိန်တပ်ဖွဲ့များ ပြန်လည်ရုပ်သိမ်းရန် စပိန်ဝန်ကြီးချုပ်သစ် ဇာပါတာရိုက ကတိကဝတ်ပြုခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကြွေးကြော်သံများ ဟစ်ကြွေး

ဧပြီ ၈ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် ခုခံတိုက်ခိုက်ရေးသမားများက အမေရိကန် ဆန့်ကျင်ရေး ကြွေးကြော်သံများကို ဟစ်ကြွေးနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး အပါအဝင် ကန်တပ်ဖွဲ့ဝင်ငါးဦး ထပ်မံသေဆုံး

ဘဂ္ဂဒက် ဧပြီ ၈

အီရတ်စစ်ပွဲ စတင်သည့်အချိန်မှ ယနေ့အချိန်အထိ အီရတ်တွင် ဖြစ်ပွားသော တိုက်ပွဲများအတွင်း သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းသည် ၄၅၅ ဦး ရှိသွားပြီဖြစ်ကြောင်း အမေရိကန်စစ်ဘက်က ဆိုသည်။

ယခုသီတင်းပတ် ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များ အတွင်းတွင် ဖြစ်ပွားသော တိုက်ခိုက်မှုများအတွင်း နောက်ထပ် အမေရိကန်တပ်ဖွဲ့ဝင် ခြောက်ဦး ထပ်မံသေဆုံးခဲ့ကြောင်း သိရသည်။ ထိုခြောက်ဦးအနက် ငါးဦးမှာ ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များက ဖြစ်ပွားသော တိုက်ခိုက်မှုများကြောင့် သေဆုံးကြခြင်းဖြစ်ပြီး အခြားတစ်ဦးမှာ ဧပြီ ၄ ရက်တွင် မိုဆူးလ်မြို့၌ ဗုံးပေါက်ကွဲစဉ် ရခဲ့သော ဒဏ်ရာကြောင့် သေဆုံးရခြင်းဖြစ်သည်ဟု ဆိုသည်။

အီရတ်နိုင်ငံ အနောက်ပိုင်းတွင် ဖြစ်ပွားသော တိုက်ပွဲများကြောင့် ဗုဒ္ဓဟူးနေ့က မရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ပြီး နောက်တစ်ရက်တွင် နောက်ထပ် မရိန်းတစ်ဦး ထပ်မံသေဆုံးသွားကြောင်း သိရသည်။ မရိန်းတပ်ဖွဲ့ဝင်များသည် အီရတ်အနောက်ပိုင်းရှိ ဖော်လူဂျာမြို့များနှင့် ရာမာဒီမြို့များကို နှိမ်နင်းနိုင်ရန် ကြိုးပမ်းလျက်ရှိကြသည်။

ဗုဒ္ဓဟူးနေ့ ညနေပိုင်းတွင် အီရတ်နိုင်ငံ မြောက်ပိုင်း၌ အမေရိကန်စစ်သည်နှစ်ဦး ထပ်မံသေဆုံးရသည်။ တစ်ဦးမှာ ဘဂ္ဂဒက်၏ မြောက်ဘက်တွင် ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခံရစဉ် သေဆုံးခဲ့ခြင်းဖြစ်ပြီး အခြားတစ်ဦးမှာ ဆာမာရာအရပ် စစ်ဆေးရေးဂိတ်တွင် အပြန်အလှန်ပစ်ခတ်ကြစဉ် သေဆုံးခဲ့ရခြင်းဖြစ်သည်။

ကြာသပတေးနေ့ နံနက်ပိုင်းတွင် ဘဂ္ဂဒက်မြို့မြောက်ဘက်၌ လမ်းဘေးထောင်ဗုံး၊ လောင်ချာများ၊ လက်နက်ငယ်များ အသုံးပြုပြီး တိုက်ခိုက်သည့် တိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့သည်။ ထိုတိုက်ခိုက်မှုကြောင့် အမှတ်(၁) ကြည်းတပ်မမှ တပ်ဖွဲ့ဝင်တစ်ဦး အသက်ဆုံးရှုံးခဲ့ရသည်။ ထိုနေ့တွင်ပင် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး ထပ်မံသေဆုံးခဲ့သေးသည်။ ထိုစစ်သည်မှာ မြောက်ပိုင်း မြို့တော်မိုဆူးလ်မြို့တွင် တနင်္ဂနွေနေ့က လမ်းဘေးထောင်ဗုံးဖြင့် တိုက်ခိုက်ခံရစဉ် ရခဲ့သော ဒဏ်ရာကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း သိရသည်။

အင်တာနက်။

ဖော်လူဂျာ မြို့သူ၊ မြို့သားများကို ဘဂ္ဂဒက်မြို့သူ၊ မြို့သားများက ကူညီရန်ထွက်ခွာ

ဘဂ္ဂဒက် ဧပြီ ၉

မြို့တော်ဘဂ္ဂဒက်ရှိ အီရတ်နိုင်ငံသား ထောင်ပေါင်းများစွာသည် ဒါဇင်ချီရှိသည့် မော်တော်ကားများနှင့်အတူ အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များ သိမ်းပိုက်ထားသည့် ဖော်လူဂျာမြို့သို့ ဦးတည်ကာ ကြာသပတေးနေ့က ချီတက်ခဲ့ကြသည်။

ဘာသာရေးခေါင်းဆောင်များ၏ အဖွဲ့အစည်းက အီရတ်နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် ဖော်လူဂျာ မြို့သူ၊ မြို့သားများထံသို့ စားနပ်ရိက္ခာ၊ ဆေးဝါးနှင့် သွေးများ လှူဒါန်းရေးအတွက် ချီတက်ကြရန် နှိုးဆော်သည့် ကြေညာချက်ထုတ်ပြန်ထားရာ ဆွန်နီနှင့် ရှီးယိုက်တို့က ဘဂ္ဂဒက်အနောက်ပိုင်းရှိ အယ်ကြူရာဗလီသို့ စုရုံးရောက်ရှိလာခဲ့ကြသည်။

မတည်မငြိမ်ဖြစ်နေသည့် ဖော်လူဂျာမြို့တွင် လွန်ခဲ့သည့် လေးရက်ခန့်က ပြောက်ကျားများကို ချေမှုန်းရန် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များက စစ်ဆင်ရေးဆောင်ရွက်ရာ ဒါဇင်ချီရှိသည့် အီရတ်နိုင်ငံသားများ သေဆုံး သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

စုဝေးချီတက်လာကြသူများက ဆွန်နီနှင့် ရှီးယိုက်ဟူ၍ ခွဲခြားနေစရာမလိုကြောင်း၊ မိမိတို့ ဆွန်နီနှင့် ရှီးယိုက်များသည် ညီအစ်ကိုတော်များဖြစ်ကြပြီး မိမိတို့၏ အီရတ်နိုင်ငံအား မည်သည့်အခါမှ ရောင်းစားမည် မဟုတ်ကြောင်း ဟစ်ကြွေးကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဆေးဝါးကုသနိုင်ရန် လေယာဉ်ဖြင့် ခေါ်ဆောင်

ဧပြီ ၈ ရက်က အီရတ်တွင် ဒဏ်ရာရရှိခဲ့သော အမေရိကန် တပ်ဖွဲ့ဝင်များကို ဆေးဝါးကုသပေးနိုင်ရန် ဂျာမနီနိုင်ငံတောင်ပိုင်း ရမ်စတိန်းမြို့ရှိ အမေရိကန်စစ်အခြေစိုက်စခန်းသို့ လေယာဉ်ဖြင့် ခေါ်ဆောင်လာစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကိုရီးယား လူမျိုးများ အီရတ်သို့ ခရီးမသွားရန် အစိုးရ ပိတ်ပင်

ဆိုးလ် ဧပြီ ၈

အီရတ်နိုင်ငံတွင် ရောက်ရှိနေသော တောင်ကိုရီးယားလူမျိုး ခရစ်ယာန်သာသနာပြု ခုနစ်ဦးတို့သည် ဓားစာခံအဖြစ် ဖမ်းဆီးခံခဲ့ရပြီးနောက် ပြန်လွတ်လာသည်။ ထိုအဖြစ်အပျက်နောက်ပိုင်းတွင် တောင်ကိုရီးယား အရပ်သားများကို အီရတ်သို့ သွားရောက်ခြင်း မပြုရန် အစိုးရက တားမြစ်လိုက်သည်။

ဘဂ္ဂဒက်ရှိ တောင်ကိုရီးယားသံရုံးမှ မရှိမဖြစ် အရေးပါသော ဝန်ထမ်းများမှလွဲ၍ ကျန်ဝန်ထမ်းများကို ပြန်လည်ခေါ်ယူလိုက်သည့်အပြင် ယာယီသမ္မတအဖြစ် ဆောင်ရွက်နေသော ရိုကန်ကလည်း ပင်လယ်ကွေ့ဒေသရှိ သံတမန်ဆိုင်ရာ နေရာဌာနများတွင် လုံခြုံရေး ပိုမိုတင်းကြပ်ထားရန် အမိန့်ထုတ်လိုက်သည်။ ***အင်တာနက်။***

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်သေဆုံးသူဦးရေ ၆၄၉ဦး ရှိပြီ တိုက်ခိုက်မှုများကြောင့် သေဆုံးရသည့် ကန်တပ်ဖွဲ့ဝင် ၄၅၅ဦးရှိ

ဝါရှင်တန် ဧပြီ ၉

တိုက်ပွဲများဆက်လက်ဖြစ်ပွားနေသော အီရတ်နိုင်ငံတွင် လွန်ခဲ့သည့်နှစ်က စစ်ဆင်ရေးလုပ်ငန်းများ စတင်ခဲ့ချိန်မှစ၍ အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးရသမျှမှာ ဧပြီ ၉ရက်အထိ ၆၄၉ဦး ရောက်ရှိသွားပြီဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဌာနက ထုတ်ပြန်ကြေညာသည်။ သေဆုံးရသမျှ အမေရိကန်တပ်ဖွဲ့ဝင်များအနက် ၄၅၅ဦးမှာ တိုက်ခိုက်မှုများအတွင်း သေဆုံးရခြင်းဖြစ်ပြီး ၁၉၄ဦးမှာ အခြားအကြောင်းတရားများကြောင့် သေဆုံးခြင်းဖြစ်သည်။

အီရတ်နိုင်ငံတွင် အမေရိကန်၏အပေါင်းပါ အခြားသောတပ်ဖွဲ့များမှ သေဆုံးရသမျှမှာ ဗြိတိသျှတပ်ဖွဲ့ဝင် ၅၈ဦး၊ အီတလီ ၁၇ဦး၊ စပိန် ရှစ်ဦး၊ ဘူဂေးရီးယား ငါးဦး၊ ယူကရိန်းလေးဦး၊ ထိုင်း နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒိုး၊ အက်စတိုးနီးယားနှင့် ပိုလန်နိုင်ငံတို့မှ တပ်ဖွဲ့ဝင်တစ်ဦးစီ ဖြစ်သည်။

အီရတ်နိုင်ငံတွင် တိုက်ခိုက်ရေး စစ်ဆင်မှုလုပ်ငန်းများ ပြီးဆုံးပြီဟု အမေရိကန်သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ် ထုတ်ပြန်ကြေညာသည့် မေ ၁ရက်နောက်ပိုင်းတွင် အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင် ၅၁၁ဦး သေဆုံးခဲ့ရကြောင်း၊ ယင်းအနက် ၃၄၆ဦးမှာ ရန်သူ၏ပစ်ခတ်တိုက်ခိုက်မှုကြောင့် သေဆုံးရခြင်းဖြစ်ပြီး ၁၆၅ဦးမှာ တိုက်ခိုက်မှုနှင့် မသက်ဆိုင်သည့် အခြားအကြောင်းတရားများကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း ကာကွယ်ရေးဌာန၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

အင်တာနက်။

နိုင်ငံတကာသတင်းများ

ဧပြီ ၈ ရက်က အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်ရှိ အမေရိကန်ဦးဆောင်သော ယာယီအုပ်ချုပ်ရေးအဖွဲ့ ရုံးချုပ်တည်ရှိရာနေရာတွင် ပေါက်ကွဲမှုကြောင့် မီးခိုးလုံးကြီး ပေါ်ထွက်လာသည်ကိုတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆေးလိပ်သောက်ခြင်းဖြင့် မျက်မမြင်ဘဝရောက်နိုင်

နယူးဒေလီ ဧပြီ ၆

ဆေးလိပ် သောက်ခြင်းသည် အဆုတ်၏လုပ်ဆောင်ချက်ထိရောက်မှု မရှိအောင် ဖန်တီးစေရုံမျှမက မျက်မမြင်ဘဝသို့လည်း ရောက်စေနိုင်ကြောင်း ဗြိတိသျှ ဆေးပညာဂျာနယ်၌ဖော်ပြထားသည်။ထို့အပြင် ဆေးလိပ်သောက်ခြင်းသည် အသက်အရွယ်ကြီးရင့်သူများ၏ အမြင်အာရုံကို ထိခိုက်စေသော ရောဂါအမျိုးမျိုးနှင့်လည်း ဆက်စပ်ပတ်သက်နေပြီး ဖယ်ထုတ်ကုသရန် ခက်ခဲသော မျက်စိ အတွင်းတိမ်ဖုံးကွယ်မှုကို ဖြစ်စေနိုင်ကြောင်းအဆိုပါ ဂျာနယ်၌ ဖော်ပြထားသည်။ သက်ကြီးပိုင်းတွင် ဖြစ်ပွားတတ်သော အမြင် အာရုံ ထိခိုက်အားနည်းမှုနှင့် အတွင်းတိမ် ဖြစ်ပွားမှုများ၏ လေးပုံတစ်ပုံကျော်တို့သည် လောလောဆယ်နှင့်လွန်ခဲ့သော ကာလများအတွင်း ဆေးလိပ်မီးခိုးနှင့် ထိတွေ့မှုများနှင့် ဆက်စပ်နေကြောင်း အဆိုပါ ဆေးပညာဂျာနယ်၌ သုတေသနပြုတင်ပြထားသည်။ ဆေးလိပ်သောက်ခြင်းသည် ပတ်ဝန်းကျင်ကို အန္တရာယ်အပေးဆုံး အချင်းအရာတစ်ရပ်ဖြစ်ကြောင်း ဖော်ထုတ်တင်ပြထားသည်။

အမ်အင်အေ၊ပီတီအိုင်။

အီရတ်နိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် ခြိမ်းခြောက်မှုနှင့် ဂျပန်တပ်ဖွဲ့ရင်ဆိုင်နေရ

တိုကျို ဧပြီ ၁၀

အီရတ်နိုင်ငံ ဆာမာဝါမြို့ရှိ ဂျပန်တပ်ဖွဲ့ဝင်များစခန်းချရာနေရာအနီးတွင် ဗုဒ္ဓဟူးနေ့က ပေါက်ကွဲမှုများဖြစ်ပွားခဲ့သည်။ ထိုပေါက်ကွဲမှုများကို ရည်ညွှန်းပြီး ဂျပန်တပ်ဖွဲ့များသည် အီရတ်တွင် ခြိမ်းခြောက်မှု အန္တရာယ်များနှင့် ပထမဦးဆုံး အကြိမ်အဖြစ် ကြုံတွေ့နေရပြီဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ဂျူနီချီယို ကိုအိဇုမိက ပြောကြားသည်။

ဂျပန်စခန်းအနီးတွင် ဖြစ်ပေါ်ခဲ့သော ပေါက်ကွဲမှုသည် အီရတ်ရှိ ဂျပန်ကာကွယ်ရေး တပ်ဖွဲ့များကို ခြောက်လှန့်ရန် ပြုလုပ်သောလုပ်ရပ်ဟု မိမိထင်မြင်ကြောင်း၊ တိုက်ခိုက်ရေးသမားများသည် အခြေအနေကို ရှုပ်ထွေးအောင် ကြိုးပမ်းနေဟန်ရှိပြီး ဂျပန်တပ်ဖွဲ့များအပါအဝင် ဗြိတိန်နှင့် အမေရိကန်တပ်များကို အီရတ်မှ ထွက်ခွာသွားသည်ကို မြင်တွေ့လို၍ ယခုကဲ့သို့ ပြုမူနေကြခြင်းဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ်က သတင်းထောက်များကို ပြောကြားသည်။

ဆာမာဝါရှိ ဂျပန်တပ်စခန်းအနီးတွင် ဖြစ်ပေါ်သော ပေါက်ကွဲမှုများသည် ဂျပန်တပ်များကို ပစ်မှတ်ထား၍ ပထမဦးဆုံးတိုက်ခိုက်သည့် တိုက်ခိုက်မှုဖြစ်နိုင်ကြောင်း ကျိုဒိုသတင်းစာက ရေးသားဖော်ပြသည်။

ဖော်ပြထား

ဂျပန်စခန်းအနီးတွင် ပေါက်ကွဲခဲ့သော အမှတ်အသားနှစ်ခု တင်ကျန်ခဲ့သည်။ စိန်ပြောင်းသို့မဟုတ် ဒုံးကျည်ဖြင့် ပစ်ခတ်ခြင်းဟု ယူဆရပြီး ပေါက်ကွဲရာနေရာများမှာ စခန်းမှ မီတာ ၃၀၀ခန့်အကွာတွင်ဖြစ်ကြောင်း ကျိုဒိုသတင်းဌာနက ဖော်ပြသည်။

အင်အမ်အေ၊ ဆင်ဟွာ။

ဧပြီ ၉ ရက်က ဂျပန်နိုင်ငံမြို့တော် တိုကျိုရှိ ဝန်ကြီးချုပ်၏ စံအိမ်တော်အနီးတွင် အီရတ်မှ ဂျပန်တပ်ဖွဲ့ ပြန်လည်ရုပ်သိမ်းပေးရန် တောင်းဆိုနေကြသော ဂျပန်နိုင်ငံသားများကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဧပြီ ၈ ရက်က အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက် ဆင်ခြေဖုံးဒေသတွင် ခုခံတိုက်ခိုက်မှုကြောင့် အမေရိကန် စစ်ယာဉ်တန်း မီးလောင်ကျွမ်းနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကန်၏ အကြမ်းဖက်မှု တန်ပြန်နှိမ်နင်းရေး မူမမှန် ဝန်ထမ်းအများအပြား အလုပ်ထွက်

ဝါရှင်တန် ဧပြီ ၈

အမေရိကန်သမ္မတ မစ္စတာဘုရှ်၏ အစိုးရအဖွဲ့သည် စက်တင်ဘာ ၁၁ ရက် နောက်ပိုင်းတွင် အစိုးရအဖွဲ့၏ အကြမ်းဖက်မှု တန်ပြန်နှိမ်နင်းရေး တာဝန်ရှိပုဂ္ဂိုလ်များအုပ်စုလိုက် ရာထူးမှထွက်ခွာသွားခြင်းနှင့် မှန်မှန်ကြီး ရင်ဆိုင်နေရသည်။

တာဝန်မှစွန့်ခွာ

အမေရိကန်သမ္မတရုံး၏ အကြမ်းဖက်မှု တန်ပြန်နှိမ်နင်းရေးနှင့် တန်ပြန်နှိမ်နင်းရေးနှင့် ဆက်နွှယ်သော အစိုးရဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များသည် မိမိတို့၏ လုပ်ငန်းဝန်ဆောင်မှုအပေါ် စိတ်ပျက်ပြီး အနည်းဆုံး အရေအတွက် ဒါဇင်ဝက်ခန့် လုပ်ငန်းတာဝန်မှ စွန့်ခွာသွားပြီဖြစ်ကြောင်း ယခင်တန်ပြန်ထောက်လှမ်းရေး တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အဆိုပါ ရာထူးတာဝန်မှ စွန့်ခွာသွားကြသူအများစုခန့်မှာ အီရတ်နိုင်ငံအား ကြိုတင်၍ ဝင်ရောက်သိမ်းပိုက်ခြင်းနှင့်ပတ်သက်၍ စိတ်ပျက်ခဲ့ကြပြီး၊ ယင်းသို့လုပ်ဆောင်ချက်သည် အမေရိကန်၏ အကြမ်းဖက်ဝါဒ ဆန့်ကျင်တိုက်ဖျက်ရေးလုပ်ငန်းစဉ်ကို ဖျက်ဆီးလိုက်ခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ကာဇက်စတန်တပ်ဖွဲ့ဝင်များကို အီရတ်မှ ပြန်လည်ရုပ်သိမ်းမည်

ဘဂ္ဂဒက် ဧပြီ ၉

အီရတ်နိုင်ငံတွင် ရောက်ရှိနေသော ကာဇက်စတန် တပ်ဖွဲ့ဝင် ၂၇ဦးကို လာမည့် လတွင် ၎င်းတို့၏ တာဝန်ပြီးဆုံးချိန်၌ နိုင်ငံသို့ပြန်လည်ခေါ်ယူတော့မည်ဖြစ်ကြောင်း ကာဇက်စတန် ကာကွယ်ရေး ဝန်ကြီးက ပြောကြားလိုက်သည်။ အီရတ်နိုင်ငံ အလယ်ပိုင်း ကွတ်မြို့တွင်ယူကရိန်း တပ်ဖွဲ့ဝင်များ၏ စခန်းကို ပြီးခဲ့သည့် အင်္ဂါနေ့က ဒုံးကျည်ထိမှန် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ယူကရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။

ယူကရိန်း တပ်ဖွဲ့ဝင်များသည် တိုက်ခိုက်မှုများကြောင့် ၎င်းတို့၏စခန်းကို စွန့်ခွာခဲ့ကြကြောင်း သိရှိရသည်။

စီအင်န်အင်န်။

ဘူဂေးရီးယား ထရပ်ကားယာဉ်မောင်း အီရတ်တွင်သေဆုံး ကာဘာလာတွင် ဘူဂေးရီးယားတပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရ

ဆိုဖီယာ ဧပြီ ၇

အီရတ်နိုင်ငံတွင် သီးခြားတိုက်ခိုက်မှုများ အင်္ဂါနေ့က ဖြစ်ပွားခဲ့ရာ ဘူဂေးရီးယားနိုင်ငံသား ကုန်တင်ထရပ်ကားမောင်းသူ အရပ်သားတစ်ဦးသေဆုံးပြီး ဘူဂေးရီးယားတပ်ဖွဲ့ဝင်သုံးဦး ထိခိုက်ဒဏ်ရာ ရရှိသွားကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဘာဆာရာမြို့မှ ဘဂ္ဂဒက်မြို့သို့ သွားရာလမ်းတွင် ကုန်တင်ထရပ်ကားခြောက်စီးပါသည့် မော်တော်ယာဉ်ကားတန်းကို တိုက်ခိုက်သူများက ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ဘူဂေးရီးယား နိုင်ငံခြားရေးဌာနက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။ ယင်းကုန်တင်ထရပ်ကားယာဉ်တန်းတွင်ပါသည့် ဗြိတိသျှအစောင့်တပ်ဖွဲ့ဝင်များက တိုက်ခိုက်သူများကို ပြန်လည်ပစ်ခတ်ခဲ့သည်။ ကုန်တင်ထရပ်ကား ငါးစီးသည် နာဆီရီယာနှင့် ဘာဆာရာမြို့သို့ ဆက်လက် မောင်းနှင်သွားသည်။ ယင်းကုန်တင် ထရပ်ကားများသည် ဘူဂေးရီးယားနိုင်ငံမှ ကုန်ပစ္စည်းများ သယ်ယူပေးသည့် ဆိုမက်ကုမ္ပဏီမှဖြစ်သည်။

ယင်းဆိုမက်ကုမ္ပဏီသည် အီရတ်နိုင်ငံစစ်ပွဲလွန်ခေတ် ပြန်လည်တည်ဆောက်ရေးတွင် ကုန်ပစ္စည်း ပို့ဆောင်ရေးလုပ်ငန်းများကို လွန်ခဲ့သည့် ဩဂုတ်လမှစတင်၍ ဆောင်ရွက်နေခဲ့သည့် ကုမ္ပဏီဖြစ်သည်။ ၎င်းကုမ္ပဏီက အီရတ်နိုင်ငံတွင် ငြိမ်းချမ်းမှု အခြေအနေမရှိပါက ၎င်း၏ လုပ်ငန်းစဉ်များ ရပ်ဆိုင်းမည်ဖြစ်ကြောင်း ပြောကြားသည်။

မိမိတို့သည် တပ်ဖွဲ့ဝင်များ မဟုတ်ကြကြောင်း၊ မိမိတို့ အသက်မစွန့်လွှတ်နိုင်ကြောင်း ၎င်းကုမ္ပဏီမှ အုပ်ချုပ်ရေးမှူး နီကိုလော့ဗ်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

မဟာသကြိန် ဝိပဿနာ ၁၀ရက်စခန်း

ရန်ကုန် ဧပြီ ၁၀

ပဲခူးတိုင်း ကျောက်တံခါးမြို့ ရွှေဘုန်းတိုးစေတီတော်မြတ်၏ ရင်ပြင်တော်၌ မဟာသကြိန်ရက်အတွင်း ရွှေဘုန်းတိုးဆရာတော် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သောဘဏိက(ဒိုက်ဦး) (ဓမ္မာစရိယ) မြို့နယ်သံဃနာယကတွဲဖက် အကျိုးတော်ဆောင်သည် ဝိပဿနာတရားတော်များကို ဟောကြားပြသတော်မူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြိုးခြင်္သေ့တာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

ဆေးဝါးတစ်ခု သုံးတတ်လျှင်ဆေး မသုံးတတ်လျှင်ဘေး

ရေးသားပြုစုသူ-ပါမောက္ခဒေါက်တာဦးပိုင်စိုး
ညွှန်ကြားရေးမှူးချုပ်၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)

ဆေးဝါးများကို ကျန်းမာရေးအတွက် လူအများသည် နေ့စဉ်သုံးစွဲနေကြပါသည်။ ဤသို့ သုံးစွဲရာတွင် ဆေးဝါး၏အကြောင်းကို သေချာစွာမသိရှိဘဲ သုံးစွဲနေသည်ကို မကြာခဏ တွေ့ရှိရပါသည်။ သို့အတွက် ဆေးဝါးများအကြောင်းကို ပြည်သူလူထု သိရှိနားလည် သဘောပေါက်ကြစေရန် ရည်ရွယ်၍ ဤဆောင်းပါးကို တင်ပြရခြင်းဖြစ်ပါသည်။

ဆေးဝါးများအကြောင်းလေ့လာသည့်ဆေးဝါးဗေဒပညာရပ်ကိုအနည်းငယ် မိတ်ဆက်ပေးလိုပါသည်။ ဤပညာရပ်သည် ဆေးဝါးများ၏ ဓာတုဖွဲ့စည်းပုံ (Chemical Structure) ဇီဝဖြစ်စဉ်ပြောင်းလဲစေမှု (Biological Activity)နှင့် ကုသရေးဆိုင်ရာ အသုံးဝင်မှု (Therapeutic Uses) တို့ကို လေ့လာသော ပညာရပ် ဖြစ်ပါသည်။

အမှန်တကယ်တွင် ဆေးဝါးများသည် ရောဂါကိုတိုက်ရိုက်ပျောက်ကင်းစေခြင်းမဟုတ်ဘဲ ရောဂါဖြစ်စေသည့် အခြေခံဖြစ်စဉ်အားထိန်းချုပ်ပြုပြင်ခြင်းဖြင့် ရောဂါကိုသက်သာပျောက်ကင်းအောင် ပြုလုပ်ခြင်းဖြစ်ပါသည်။ ဥပမာအားဖြင့် လူတစ်ယောက်သည် ပြည်တည်နာဖြစ်နေသည်ဆိုပါစို့။ ဆေးဝါးသုံးစွဲခြင်းဖြင့် ပြည်ဖြစ်စေသည့်ပိုးကို သေစေပြီးလျှင် ပြည်ကြောင့်ဖြစ်သော နာကျင်ကိုက်ခဲမှုကိုသက်သာစေပါသည်။ နောက်ဆုံးတွင် အနာကျက်ပြီး ခန္ဓာကိုယ်ပုံမှန်ပြန်ဖြစ်စေပါသည်။

အချို့သောဆေးဝါးထုတ်လုပ်သူများသည်မိမိတို့၏ဆေးဝါးများ ရောင်းကောင်းစေရန် အစစ်အမှန်မဟုတ်သော အချက်အလက်များကို ဆေးညွှန်းများတွင် ရောနှောထည့်သွင်းဖော်ပြကြသဖြင့် ယင်းဆေးညွှန်းတစ်ခုတည်းကို မှီငြမ်းအားကိုးမှုမပြုနိုင်ပါ။ သို့ဖြစ်၍ သေချာစွာ သုတေသနပြုထုတ်လုပ်ထားသော ဆေးစာအုပ်များကို လေ့လာဖတ်ရှုရန်လိုအပ်ပါသည်။

ဆေးဝါးများ၏အကျိုးသက်ရောက်မှု

ဆေးဝါးများအသုံးပြုကာ အောက်ပါအချက်(၃)ချက်ဖြင့် ရောဂါကို သက်သာစေပါသည်။

(၁) ရောဂါပျောက်စေခြင်းအားဖြင့် ခံစားရသော ဝေဒနာများအား ပျောက်ကင်းသက်သာစေခြင်း (Curative)၊ ဥပမာ-ငှက်ဖျားရောဂါပိုးကို သေစေခြင်းဖြင့် ဖျားနာချမ်းတုန်ခြင်းကို ပျောက်စေခြင်း။

(၂) ရောဂါလက္ခဏာများကို ထိန်းချုပ်ဖိနှိမ်ခြင်းဖြင့် သက်သာစေခြင်း (Suppressive, Palliative)၊ ဥပမာ-ခေါင်းကိုက်ခြင်း၊ သန်ထိုးသဖြင့် ဗိုက်အောင့်ခြင်းတို့တွင် ခံစားရသော ဝေဒနာများအား ယာယီသက်သာစေခြင်း။

(၃) စိတ်ပိုင်းဆိုင်ရာကျေနပ်မှု၊ ယုံကြည်မှုကြောင့် ခံစားနေရသော ဝေဒနာသက်သာစေခြင်း (Psychological)တို့ဖြစ်ပါသည်။

ဆေးဝါးသုံးစွဲမှုကာလတစ်လျှောက် ဆေးဝါးများ၏ အရည်အသွေးတိုးတက်လာသည်နှင့်အမျှ ကျန်းမာရေးစောင့်ရှောက်မှုမှာ တစ်စတစ်စပိုမိုကောင်းမွန်လာပြီး လူအများသက်တမ်းရှည်လာကာ နေထိုင်နိုင်မှုအဆင့်အတန်းမှာလည်း ပိုမိုတိုးတက်လာပါသည်။ တစ်ဖန်ကောင်းကျိုးနှင့် ဆိုးကျိုးသည် အစဉ်ဒွန်တွဲနေသည့်အလျောက် ဆေးဝါးများ၏ ကောင်းကျိုးနှင့်အတူ ဆိုးကျိုးဖြစ်နှုန်းများလည်း ပေါ်ပေါက်လာနိုင်ပါသည်။ ထို့ကြောင့် ပြည်သူအများ ဆေးဝါးသုံးစွဲရာတွင် ကောင်းကျိုးများသာခံစားရပြီး ဆိုးကျိုးပြဿနာများ မဖြစ်ပေါ်စေရေးအတွက် ဆေးဝါးနှင့်ပတ်သက်သည့် သိသင့်သိထိုက်သည်များကို ဆေးဝါးသုံးစွဲသူများ သိရှိနားလည်ရန် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲမှုအဖွဲ့ (Food and Drug Administration-FDA)သည် ဆေးဝါးများ၏ဘူးများတွင် (Prescription Information Leaflet) ဆေးညွှန်းစာရွက် အမြဲထည့်သွင်းဖော်ပြပေးရန် ညွှန်ကြားထားပါသည်။

ယင်းဆေးညွှန်းစာရွက်တိုင်းတွင် အောက်ဖော်ပြပါအချက်များ ပါဝင်ရမည်ဖြစ်ပါသည်။

(၁) ဆေးဝါးဖွဲ့စည်းပုံနှင့် ပါဝင်သည့် ဓာတုပစ္စည်းများ၊ ဆေးဝါးများထုတ်လုပ်သည့်ပစ္စည်း (ဥပမာ-အပင်)နှင့် ဓာတုတည်ဆောက်ပုံ (Chemical Structure) တို့ကို ဖော်ပြရပါမည်။

(၂) ခန္ဓာကိုယ်အား ပြောင်းလဲစေနိုင်သည့် ဆေးဝါး၏ ဇီဝဖြစ်စဉ် (Pharmacological Action)-
ခန္ဓာကိုယ်တွင်း မည်သို့လုပ်ဆောင်ခြင်းကြောင့် ရောဂါသက်သာပျောက်ကင်းရသည်ကို ရှင်းပြရပါမည်။

(၃) ခန္ဓာကိုယ်တွင်း ဆေးကြမ္မာပြောင်းလဲမှု (Pharmacokineics)-
ခန္ဓာကိုယ်တွင်း ဆေးလှည့်ပတ်ခြင်း၊ ကိုယ်အင်္ဂါနှင့် သွေးအတွင်းသို့ ရောက်ရှိခြင်း၊ ဓာတ်သဘာဝ ပြောင်းလဲခြင်း၊ စွန့်ထုတ်ခြင်းတို့ကို ဖော်ပြရပါမည်။

(၄) သုံးစွဲရန်အညွှန်း(Indication, Dosage and Regime)-
အသုံးပြုသည့် ဆေးချိန်နှင့် သောက်သုံးပုံ နည်းစနစ်များကို ဖော်ပြရပါမည်။

(၅) မကောင်းသော အာနိသင်နှင့် အဆိပ်အတောက်ဖြစ်နိုင်မှု-
ဆေးဝါးတိုင်းသည် ကောင်းကျိုးသက်သက်မဟုတ်ဘဲ ဆိုးကျိုးများလည်း ရှိတတ်ပါသည်။
ဆေးဝါးတိုင်းသည် အဆိပ်အတောက်ဖြစ်နိုင်သည့်အလျောက် သောက်သုံးပုံ မမှန်လျှင်သော်လည်းကောင်း၊ သောက်သုံးမှု လွန်ကဲလျှင်သော်လည်းကောင်း ဖြစ်တတ်သည့် အဆိပ်သင့်မှုနှင့် လက္ခဏာများကို ဖော်ပြရပါမည်။

(၆) ဆေးဝါးသုံးစွဲရာတွင် သတိထားရမည့် အချက်များနှင့် သုံးစွဲရန် မသင့်သူများ (Caution and Contraindications)-
အချို့သော ဆေးဝါးများသည် အသက်ငယ်လွန်းသော ကလေးများ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ဆီးချို၊ သွေးတိုး၊ စိတ်ရောဂါရှိမှုများအတွက် သတိထား၍ သုံးစွဲရန် (သို့မဟုတ်) လုံးဝမသုံးစွဲရန် စသည်ဖြင့် ညွှန်ကြားရပါမည်။

(၇) အခြားသုံးစွဲလျက်ရှိနေသည့် ဆေးဝါးများနှင့် ဓာတ်ပြုနိုင်ခြင်းသဘော (Drug Interactions)-
(ဥပမာ) သွေးခဲမှုကာကွယ်သည့်ဆေး (Warfarin) နှင့် အစာအိမ်ဝေဒနာသုံးဆေး (Cimetidine) သုံးစွဲနေသူတို့သည် အခြားဆေးဝါးများနှင့် ပူးတွဲသုံးစွဲလျှင် ဆေးဝါးအချင်းချင်း ဓာတ်ပြုတတ်ပြီး သုံးစွဲသူကို ဆိုးကျိုးများ ရရှိစေနိုင်ပါသည်။

ဆေးပညာအရ ဆေးဝါးတိုင်းသည် အဆိပ်ဖြစ်နိုင်ပါသည်။ "တန်ဆေးလွန်ဘေး" "သုံးတတ်လျှင်ဆေး မသုံးတတ်လျှင်ဘေး" ဖြစ်တတ်ပါသည်။ ဆေးချိန်ဆေးညွှန်း မှန်ကန်စွာသုံးစွဲမှုနှင့် တိုက်ကျွေးပုံ နည်းစနစ်မှန်ကန်မှုသည် ဆေးဝါးနှင့် အဆိပ်တို့၏ ကွာခြားချက်ပင်ဖြစ်သည်။ ဆေးဝါးတစ်ခုသည် ထိရောက်သော အကျိုးအာနိသင်ဖြစ်စေရန် ခန္ဓာကိုယ်အတွင်း ယင်းဆေးဝါးပမာဏ လုံလောက်စွာ ရောက်ရှိရမည်ဖြစ်ပြီး အကျိုးသက်ရောက်ရမည့်နေရာသို့ သွားရောက် ဓာတ်ပြုရမည်ဖြစ်သည်။ ထိုသို့အကျိုးပြုနိုင်ရန်-

(၁) ဆေးချိန် (Dose) မှန်ကန်ရပါမည်။ ဆေးချိန်သည် အကျိုးသက်ရောက်စေသည့် အာနိသင်ထက် နည်းပါးနေပါက (Sub-therapeutic Dose) ဆေးဝါးအာနိသင်ကို မတွေ့ရှိရသကဲ့သို့ ဆေးချိန်များလွန်းပါကလည်း (Toxic Dose) ဆေးဝါး၏ မကောင်းသည့် အဆိပ်အတောက် အာနိသင်များကိုခံစားရမည်ဖြစ်သည်။ ထို့ထက်များပြားလွန်းပါက (Lethal Dose) အသက်ဆုံးရှုံးသည်အထိ ဖြစ်နိုင်ပါသည်။

(၂) သောက်သုံးပုံနည်းစနစ် (Regime) မှန်ကန်ရပါမည်။ ခန္ဓာကိုယ်တွင် ရောဂါကို ကုသမှုထိရောက်စေသည့် အချိန်ကာလအထိ သတ်မှတ်ထားသော ဆေးဝါးပမာဏရရှိစေရန် ဆေးဝါးကို တစ်နေ့လျှင် နှစ်ကြိမ်၊ သုံးကြိမ်၊ လေးကြိမ် စသည်ဖြင့် သောက်သုံးရပါမည်။ ထို့ပြင် ဆေးဝါးများ သောက်သုံးပုံနည်းစနစ် မှန်ကန်ရန် လိုအပ်ပါသည်။ ဆေးဝါးများကို သောက်သုံးခြင်းဖြင့်လည်းကောင်း၊ အကြောဆေး၊ အသားဆေး ထိုးခြင်းဖြင့်လည်းကောင်း၊ လျှာအောက်တွင် ထားခြင်းဖြင့်လည်းကောင်း သုံးစွဲရပါသည်။

(၃) သောက်သုံးရမည့် အချိန်ကာလ မှန်ကန်ရပါမည်။ အချို့ဆေးဝါးများသည် နံနက်ပိုင်းတွင် သောက်သုံးရသကဲ့သို့ (ဥပမာ-ဆီးရှင်ဆေး)၊ အချို့သောဆေးဝါးများ(ဥပမာ-ဝမ်းကိုက်ပျောက်ဆေး)သည် ညအိပ်ရာဝင်ခါနီးတွင် ထိုးရပါသည်။ အချို့ဆေးဝါးများမှာ အစာနှင့်ခြား၍ စားသုံးရပြီး (ဥပမာ-တီဘီရောဂါ ပျောက်ဆေး)၊ အချို့ဆေးဝါး(ဥပမာ-အကိုက်အခဲပျောက်ဆေး)တို့သည် အစာနှင့်တွဲ၍ သောက်သုံးရပါသည်။ ဤသို့ စနစ်တကျ သောက်သုံးရမည်ကို မလိုက်နာပါက ဆေးဝါးအာနိသင် ထိရောက်မှုနည်းခြင်း၊ ဆေးဝါး၏ မကောင်းသော ဆိုးကျိုးများခံစားရမည်ဖြစ်ပါသည်။

(၄) အခြားဆေးဝါးများနှင့် တွဲသောက်ရန် သင့်၊ မသင့်ကိုလည်း သိရှိထားရပါမည်။ ဆေးဝါးများ အချင်းချင်း ဓာတ်ပြုနိုင်ပါက (Drug Interaction) (သို့မဟုတ်) ဆန့်ကျင်ဘက် အာနိသင် (Antagonism) များ ဖြစ်ပေါ်စေနိုင်၍ ကြိုတင်သတိရှိရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ဆေးဝါးတစ်ခု သုံးစွဲမည်ဆိုပါလျှင် အထက်ဖော်ပြပါ အချက်လေးချက်ကို သတိပြုသုံးစွဲရန် လိုအပ်ပါသည်။

ဆေးဝါးထုတ်လုပ်သူများအနေဖြင့်လည်း ဆေးဝါးတစ်ခုကို သုံးစွဲရန်အတွက် ဖော်ပြပါ အချက်အလက်များ အပြည့်အစုံ သိရှိစေရန် ဆေးဝါးများအပေါ် သိပ္ပံနည်းကျကျ သုတေသနပြုလုပ်ကာ ဆေးချိန်၊ သောက်သုံးပုံနည်းစနစ်၊ သောက်သုံးရမည့်အကြိမ်၊ အချိန်ကာလ၊ ထိရောက်မှုရှိသည့် ရောဂါဝေဒနာများ၊ ဆေးဝါးသောက်သုံးစဉ် ကြုံတွေ့ရတတ်သည့် မကောင်းသော ဆိုးကျိုးများနှင့် အဆိပ်အတောက်လက္ခဏာများ၊ ဆေးဝါးများသုံးစွဲစဉ် သတိပြုရမည့်အချက်၊ သုံးစွဲရန်မသင့်သူများနှင့် တွဲဖက်၍ မသုံးစွဲသင့်သော ဆေးဝါးများ စသည်တို့ကို တိကျစွာ အသိပေးရမည် ဖြစ်ပါသည်။

ယခုအခါ လူအများသုံးစွဲလျက်ရှိသော မြန်မာနိုင်ငံဈေးကွက်တွင် ပုဂ္ဂလိကအနေဖြင့် ထုတ်လုပ်တင်သွင်း ရောင်းချနေကာ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ ခွင့်ပြုချက်မရရှိသည့် ဆေးဝါးနှင့် တိုင်းရင်းဆေးဝါးများမှာ သိပ္ပံနည်းကျကျ သုတေသနပြုလုပ်ထားခြင်း မရှိကြပါ။ သို့အတွက် ဆေးချိန်၊ ဆေးညွှန်းများ၊ သောက်သုံးသင့်သည့်အချိန်၊ အကြိမ်နှင့် ကာလအပိုင်းအခြားများကိုလည်း တိကျမှန်ကန်စွာ ဖော်ပြထားခြင်းမရှိပါ။ ထို့ပြင် ယင်းဆေးဝါးများ၏ မကောင်းသောအာနိသင်များ၊ အဆိပ်အတောက်လက္ခဏာများ၊ သတိပြုရမည့် အချက်များ၊ သောက်သုံးရန်မသင့်သူများစသည်တို့ကို အချို့သော ဆေးဝါးများတွင် ထည့်သွင်းဖော်ပြထားခြင်းမရှိသည်ကို တွေ့နေရပါသည်။

ဆေးဝါး၏ဆိုးကျိုးအာနိသင်များဖြစ်ပေါ်ရခြင်းအကြောင်းများ

ဆေးဝါးနှင့်ပတ်သက်၍ အဓိကဆိုးကျိုးများမှာ မကောင်းသောအာနိသင်ဖြစ်ခြင်း၊ အဆိပ်အတောက်ဖြစ်ခြင်းနှင့် ဆေးဝါးနှင့် လူတို့ မတည့်ခြင်းတို့ဖြစ်ပါသည်။

၁။ မကောင်းသောအာနိသင်များဖြစ်ခြင်း

ဆေးတိုင်းသည် မှန်ကန်သောဆေးချိန်မှာပင် မကောင်းသော အာနိသင်များကို အနည်းနှင့် အများတွေ့ရှိရတတ်ပါသည်။ ဥပမာအားဖြင့် ဘာမီတွန်ကဲ့သို့သောဆေးမှာ နှာစေးခြင်း ပျောက်ကင်းစေသော်လည်း ထိုင်းမှိုင်း၍အိပ်ငိုက်စေပါသည်။ သို့ရာတွင် ယင်းဆိုးကျိုးအာနိသင်ကို လူအများစုမှာ ခံနိုင်ရည်ရှိကြပါသည်။

၂။ အဆိပ်အတောက်ဖြစ်ခြင်း

ဆေးများအား ညွှန်ကြားထားသည့်အတိုင်း သုံးစွဲခြင်းမပြုပါက အဆိပ်အတောက် ဖြစ်ရခြင်းအဓိကအကြောင်းများမှာ-

(၁) ဆေးဝါးမစစ်မှန်ခြင်းနှင့် အရောအနှောများပါဝင်နေခြင်း (Counterfeit & Impurities)-
စီးပွားရေးအမြတ်အစွန်းများကြောင့် ဆေးဝါးအတုများ၊ အရောအနှောများ ပေါ်ထွက်နေပါသည်။ သို့ဖြစ်၍ အစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲမှုအဖွဲ့တွင် မှတ်ပုံတင်ကာ ခွင့်ပြုချက်ရရှိထားသော ဆေးဝါးများကိုသာ သုံးစွဲသင့်ပါသည်။

(၂) ရောဂါနှင့်ဆေးဝါးသင့်မြတ်မှုမရှိခြင်း-
ဆေးဝါး၏ ခန္ဓာကိုယ်တွင်း ပြောင်းလဲစေသည့် အဓိကဖြစ်စဉ် (Pharmacolgical Action) ကို နားလည်ရန် လိုအပ်ပါသည်။ ယခုအခါ ဆေးဝါးအချို့၏ ဆေးဝါးဖြစ်စဉ်ကို မသိရှိကြဘဲ မမှန်မကန် သုံးစွဲကြသဖြင့် မလိုအပ်သောအဆိပ်အတောက်ဖြစ်မှုများ ကြုံတွေ့ရပါသည်။

(၃) ဆေးချိန်နှင့် သောက်သုံးပုံနည်းစနစ် မမှန်ကန်ခြင်း-

ဆေးဝါး၏ခန္ဓာကိုယ်တွင်း ဆေးဝါးကြမ္မာ (Pharmacokinetics)ကို သိရန်လိုအပ်ပါသည်။

(၄) ဆေးဝါး၏မကောင်းသော အာနိသင်နှင့် အဆိပ်အတောက် ဖြစ်နိုင်မှုအတိုင်းအတာကိုမသိခြင်း-

ယင်းအချက်တို့ကြောင့် ဆေးဝါးများ၏ လတ်တလောအဆိပ်ဖြစ်မှု (Acute Toxicity)၊ ရေတိုရေရှည် အဆိပ်ဖြစ်မှု (Subacute and Chronic Toxicity) များသိရှိရန် ဓာတ်ခွဲခန်း တိရစ္ဆာန်များအပေါ် စမ်းသပ်မှုပြုပြီး လူပုဂ္ဂိုလ်များပေါ် ဆေးသုတေသနစမ်းသပ်မှုဆိုင်ရာကျင့်ဝတ်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် လူနာများအပေါ်တွင် စနစ်တကျ သုတေသနပြုလုပ်မှုများ လုပ်ဆောင်ရန် လိုအပ်ပါသည်။

(၅) ဆေးဝါးသုံးစွဲရာတွင် သတိပြုရမည့်အချက်များနှင့် လုံးဝရှောင်ကြဉ်ရမည့်အချက်များကို လူနာများမှ မသိခြင်း။

(၆) ရောဂါအတွက် အဓိကသုံးစွဲလျက်ရှိသောဆေးနှင့်တွဲဖက်၍ မသောက်သုံးသင့်သော အစာနှင့်ဆေးဝါးများကို မသိခြင်းစသည်တို့ကြောင့် ဆိုးကျိုးများ အများဆုံးဖြစ်တတ်ပါသည်။

(၇) ဆေးမတည့်ခြင်း (သို့မဟုတ်) ခန္ဓာကိုယ်မှ မူမမှန် တုံ့ပြန်ခြင်း

၎င်းသည် ဆေးဝါးနှင့် ပတ်သက်သော ခန့်မှန်း၍ မရသည့် အာနိသင်တစ်ခုဖြစ်ပါသည်။ လူအများစုတွင် မဖြစ်သော်လည်း အချို့သောသူများတွင် ဆေးညွှန်းအတိုင်း မှန်ကန်စွာ သုံးစွဲသည့်တိုင် ဆေးမတည့် ခြင်း လက္ခဏာများ တွေ့ရတတ်ပါသည်။ ဥပမာအားဖြင့် ပင်နီစလင်ဆေးသည် မတည့်သောသူများတွင် အနည်းငယ်မျှ သုံးစွဲမိရုံဖြင့် ဆေးမတည့်သည့် လက္ခဏာပေါ်ပေါက်ရာမှသည် အသက်အန္တရာယ် ဖြစ်သည်အထိ ဖြစ်နိုင်ပါသည်။

ဆေးဝါးသုံးစွဲမှုကြောင့် ကြုံတွေ့ရသော ပြဿနာများ

ဆေးဝါးများကို မမှန်မကန် သုံးစွဲမှုများကြောင့် ကြုံတွေ့ရသော ပြဿနာအချို့ကို တင်ပြလိုပါသည်။ ဥပမာအားဖြင့် DHEA (ခေါ်) (Anabolic Steroids)များကို ရုပ်ပျိုရွှင်လန်းစေရန်အတွက်လည်းကောင်း၊ အားကစားသမားများအတွက်လည်းကောင်း အသုံးပြုနေကြပါသည်။ အဆိုပါဆေးဝါးများကို ရေရှည်သုံးစွဲလာပါက ဖောရောင်ခြင်း၊ သွေးတိုးခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ နှလုံးသွေးကြောပိတ်ခြင်းနှင့် ရုတ်တရက်နှလုံးရပ်၍ အသက်ဆုံးရှုံးခြင်းများ ဖြစ်နိုင်ပါသည်။ အချို့သော ပိန်ဆေးများ(Slimming Pill)ကိုလည်း ကြာရှည်သုံးစွဲလာပါက နှလုံးခုန်နှုန်းမမှန်ခြင်း၊ နှလုံးသွေးကြောပိတ်ခြင်းများအပြင် မောပန်းခြင်း၊ အသက်ရှူကျပ်ခြင်း၊ အဆုတ်ကောင်းစွာ အလုပ်မလုပ်နိုင်ခြင်းများ ဖြစ်နိုင်ပြီး အသက်အန္တရာယ် ထိခိုက်နိုင်သည်အထိ ဆိုးကျိုးများ ဖြစ်နိုင်ပါသည်။

Phenfluramine ပါဝင်သောအဆီကျပိန်ဆေး အချို့မှာလည်း ဆေးဖက်ဝင်အပင်များဖြင့် ပြုလုပ်ထားသည်ဟု ဆိုပါသော်လည်း ယင်းဆေးဝါးသည် တစ်နှစ်ခန့်စားသုံးပြီး ရပ်တန့်လိုက်သောအခါတွင် ဆံပင်ကျွတ်ခြင်း၊ အသားအရေတွန့်ခြင်း၊ အသားအရောင်ပြောင်းလဲခြင်း၊ ညအိပ်မပျော်ခြင်း၊ အလိုလိုနေရင်း စိတ်တိုနေခြင်းစသော ဆေးပြတ်လက္ခဏာများအပြင် အသည်းကိုလည်း ပြင်းထန်စွာ ထိခိုက်နိုင်ပြီး ကိုယ်အလေးချိန် လျော့ရုံသာမက အသက်ပါ ဆုံးရှုံးမှုများ ဖြစ်ပွားနိုင်ပါသည်။ စာမျက်နှာ ၇ ကော်လံ ၁ သို့ *

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ ဒုလ္လဘရဟန်းခံရှင်ပြုနှင့် သီလရှင်ဝတ် အလှူတော်မင်္ဂလာ အခမ်းအနားတွင် ဒုလ္လဘရဟန်းများအား သိမ်ဆင်းလှူဒါန်းစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ ဒုလ္လဘရဟန်းခံ၊ ရှင်ပြုနှင့် သီလရှင်ဝတ် အလှူတော်မင်္ဂလာအခမ်းအနားတွင် ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာကျင်းပ

ရန်ကုန် မေ ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဝန်ထမ်းမိသားစု၏ ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက်ရှိ ရတနာ့ဗိမာန် ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးသိန်းစိန်နှင့် ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ အထူးဖိတ်ကြားထားသူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ သိမ်ဝင်သံဃာတော်များအား ဝန်ထမ်းမိသားစုများက သိမ်ဆင်းဝတ္ထုပစ္စည်းများ လောင်းလှူကြပြီး အလှူတော်မင်္ဂလာ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ငါးပါးသီလခံယူ

ထို့နောက် ရတနာ့ဗိမာန်ပရိယတ္တိစာသင်တိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒောဘာသထံမှ ဥပုသ်ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များအား ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်း၏ ဇနီး ဒေါ်ကြည်ကြည်ဆွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူတို့က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ဇေယျတုဆရာတော် ဦးဝိမလထံမှ ဥပုသ်ပရိသတ်များက သာဓုအနုမောဒနာတရား နာယူ၍ ရေစက်သွန်းချ အမျှဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဧည့်သည်တော်များက ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ အလှူတော်မင်္ဂလာ အခမ်းအနားတွင် ဒုလ္လဘရဟန်း ၃၈ပါး၊ ရှင်သာမဏေ ကိုးပါးနှင့် သီလရှင် ၁၃ပါးတို့ သာသနာ့ဘောင် ဝင်ကြသည်။ (သတင်းစဉ်)

မင်းကွန်းတောင်ရိုး ရေ၊မီး၊ဆွမ်း၊ဆေး အလှူတော်ရေစက်ချလှူဒါန်း

ရန်ကုန် မေ ၁၀

မင်းကွန်းတိပိဋကရေ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီးအား အမှူးပြု၍ မင်းကွန်းတောင်ရိုး နာယကဆရာတော်ကြီးများ ဦးဆောင် ပဓာနပြုသော မင်းကွန်းတောင်ရိုး မဟာသံဃိက ဓမ္မသာရ ရေ၊ မီး၊ ဆွမ်း၊ ဆေး အလှူတော်အဖွဲ့(သာကေတ) မြို့နယ်၏ (၁၆)ကြိမ်မြောက် ငွေပဒေသာပင် အလှူတော် စုပေါင်း ရေစက်ချပွဲကို မေ ၈ရက်က သာကေတမြို့နယ် (၅)ရပ်ကွက် သာသနာ့ရက္ခိတဓမ္မာရုံ၌ ကျင်းပရာ မင်းကွန်းတောင်ရိုး မဟာသံဃိက ဓမ္မသာရ ရေ၊ မီး၊ ဆွမ်း၊ ဆေး အလှူတော်အဖွဲ့ အကျိုးတော်ဆောင်ချုပ် ဆရာတော် ဒီဃဘာဏက ဘဒ္ဒန္တ အရှင်ဓမ္မသာရက ရေစက်ချတရားတော် ဟောကြားပြီး စုပေါင်းလှူဒါန်းငွေ ကျပ် ၁၆၄၅၁၄၀ကို သာကေတမြို့နယ် ဓမ္မသာရအဖွဲ့ နာယက ဦးဘထွန်းထံ သာကေတမြို့နယ် ဓမ္မသာရအဖွဲ့ ဥက္ကဋ္ဌနှင့် အမှတ် (၅)ရပ်ကွက် ဥက္ကဋ္ဌတို့က လွှဲပြောင်းပေးအပ်သည်။ **(ဝဲပုံ)**

(က-ပ)

✻ **စာမျက်နှာ ၆ ဆောင်းပါးမှအဆက်**

နိုင်ငံတကာ မှတ်တမ်းများအရ အဆီကျပိန်ဆေးတစ်ခုသည် Phen fluramine နှင့် Phentermine ပေါင်းစပ်ပါဝင်ကြောင်းနှင့် ယင်း phentermine မှာ ပြင်းထန်သော စိတ်ကြွဆေး (Strong Psychotropic) ဖြစ်ပြီး amphetamineနှင့် အလားတူပါသည်။ အဆိုပါပိန်ဆေးမှာ အစပိုင်းတွင် စိတ်ကိုတက်ကြွရွှင်လန်းစေခြင်း၊ မအိပ်ဘဲ ဆက်တိုက်အလုပ် လုပ်ကိုင်နိုင်ခြင်း၊ အစာစားချင်စိတ်ကို လျော့နည်းစေခြင်း၊ အင်အားတက်ကြွခြင်းများဖြစ်ပြီး နောက်ပိုင်းတွင်မူ အလိုလိုစိတ်တိုနေခြင်း၊ ညအိပ်မပျော်ခြင်းများကဲ့သို့သော ဆေးစွဲလက္ခဏာများ ပြလာကာ ထိုအဆီကျပိန်ဆေးသောက်ပြီး ရှစ်လနှင့်ကိုးလအတွင်း သေစေနိုင်လောက်သည်အထိ အဆုတ်ထဲရှိ သွေးဖိအားများပြားပြီး အသက်ဆုံးရှုံးခဲ့ရသည့် လူနာမှတ်တမ်းများလည်း တွေ့ရှိရပါသည်။

အခြားအဆီကျဆေးတစ်မျိုးသည်လည်း စားသုံးပြီးနောက် အသည်းကို အပြင်းအထန် ထိခိုက်မှုကြောင့် ဆေးရုံတက်ရောက် ကုသရသည်အထိ ဖြစ်ခဲ့ကြောင်း သိရှိရပါသည်။

ထို့အပြင် ဆီးချိုရောဂါဝေဒနာရှင်များအတွက် သကြားအစားထိုး ဆေးသကြားများထဲတွင် Cyclamatesဆိုသည့် ဆေးသကြားသည် ကင်ဆာရောဂါဖြစ်ပွားနိုင်ကြောင်း သိရသဖြင့် ၁၉၆၀ ပြည့်နှစ်တွင် သုံးစွဲခြင်းမပြုရန် ပိတ်ပင်ခဲ့ပါသည်။ အခြားဆေးသကြားတစ်ခုဖြစ်သော Saccharin ကို လူအတော်များများက သုံးစွဲနေကြပါသည်။ ဤဆေးသကြားကြောင့် ကင်ဆာဖြစ်စေနိုင်ကြောင်းကို ၁၉၇၀ ပြည့်နှစ်နောက်ပိုင်းတွင် သတိပေးထားချက်များကို တွေ့ရပါသည်။ နောက်ဆုံးပေါ် Aspartame (ခေါ်) Nutra Sweet သည် Phenylketouria ရောဂါအတွက် အလွန်အန္တရာယ်ကြီးမားကြောင်း သိရှိရပါသည်။

အချို့သော ဟိုမုန်းဓာတ်ပါဝင်သည့်ဆေးဝါးများ၊ ဟိုမုန်းအစားထိုးကုသမှု (Hormone Replacement Therapy) များသည် ကြာရှည်စွာ သုံးစွဲလာပါက သွေးပေါင်တက်ခြင်း၊ ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာ၊ နှလုံးသွေးကြောကျဉ်းရောဂါများ ဖြစ်ပွားနိုင်သဖြင့် နားလည်တတ်ကျွမ်းသူတို့၏ ညွှန်ကြားချက်နှင့်သာ သုံးစွဲသင့်ပါသည်။ ထို့အပြင် ယင်းဟိုမုန်းဓာတ်ပါဝင်သော ဆေးဝါးများသည် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ အသည်း ရောဂါရှိသူများနှင့် နှလုံးရောဂါရှိသူများ မသုံးစွဲသင့်ပါ။

Herbal food supplement ဟုခေါ်သော တိုင်းရင်းဆေးဖက်ဝင်အပင်များမှ ထုတ်လုပ်သည့် ဖြည့်စွက်စာများဖြစ်သော (Noni) ရဲယိုသီးဆေးရည်နှင့် (Linzee) လင်ဇီး(ခေါ်) ဆေးဝါးအချို့အား (၉၆)ပါးရောဂါပျောက်ဆေးများအဖြစ် သုံးစွဲမှုများပြားနေပါသည်။ အချို့သူများသည် Linzee ဆေးတောင့်များကို ဖျားနာခြင်းမှအစ ကုသ၍ မပျောက်နိုင်သော ကင်ဆာနှင့် အေအိုင်ဒီအက်စ်ကဲ့သို့သော ရောဂါမျိုးအတွက် ငွေကြေးအကုန်အကျများစွာဖြင့် ဝယ်ယူသောက်သုံးနေကြပါသည်။ ဖြစ်ပေါ်နေသော ရောဂါ၏ အကြောင်းအရင်းကို တတ်ကျွမ်းသူများနှင့် မစမ်းသပ်ဘဲ မိမိထင်သကဲ့သို့ ဆေးဝါးများသုံးစွဲ နေခြင်းကြောင့် အနာနှင့်ဆေးမတွေ့ဘဲ မလိုလားအပ်သော ဆေးဝါး၏အဆိပ်အတောက် ဖြစ်မှုများသာ တွေ့ကြုံရမည်ဖြစ်ပါသည်။ အချို့သောဆေးရည်များသည် PH အလွန်နည်းပြီး Acidic ဖြစ်တတ်သောကြောင့် သောက်သုံးရင်းမှ အစာအိမ်သွေးကြော ပေါက်ခြင်းများကိုလည်း မကြာခဏ တွေ့ရှိနေရပါသည်။

ထို့ပြင် Antibiotic ဟု ခေါ်သည့် ရောဂါပိုးသတ် ပဋိဇီဝဆေးဝါးများအား ကွမ်းယာဆိုင်များမှ ဝယ်ယူခြင်း၊ တစ်ခွက်ကောင်း နှစ်ခွက်ကောင်းသောက်နေခြင်းတို့သည် ပဋိဇီဝဆေး ယဉ်ပါးမှု (Antibiotic Resistance) များ ဖြစ်ပွားစေနိုင်ပါသည်။ နောင် ယင်းဆေးဝါးများ သုံးစွဲပါက ဆေးမတိုးတော့၍ ရောဂါမပျောက်ဘဲ ပိုမိုဆိုးရွားလာမည်ဖြစ်ပါသည်။

တိုင်းရင်းဆေးဝါးအများစုသည် စိတ်ချစွာသုံးစွဲ၍ရသည်ဟု လူအများမှ ယုံကြည်နေကြပါသည်။ သို့သော် အချို့သော တိုင်းရင်းဆေးဝါးများသည် အနောက်တိုင်းဆေးဝါးများ ရောနှောပါဝင်နေခြင်းများကြောင့်လည်းကောင်း၊ ပါဝင်သောပစ္စည်း စစ်မှန်ခြင်းမရှိသောကြောင့်လည်းကောင်း၊ ကြာရှည်စွာ သုံးစွဲပါက ဖောရောင်ခြင်း၊ အစာအိမ်သွေးကြောပေါက်ခြင်း စသည့် မကောင်းသော ဆိုးကျိုးများ တွေ့ရှိနိုင်ပါသည်။ ဥပမာ-ပန်းနာရင်ကျပ်ပျောက်ဆေးအချို့တွင် Steroids များပါဝင်သဖြင့် သုံးစွဲပါက ဖောရောင်ခြင်း၊ အစာအိမ်သွေးကြောပေါက်ခြင်းများ ဖြစ်ပွားမည်ဖြစ်ပါသည်။ အချို့သော တိုင်းရင်းဆေးဝါးများမှာ ဆေးချိန်အချိုးအဆမှန်ကန်မှုမရှိကြပါ။ သို့အတွက် စစ်မှန်သောတိုင်းရင်းဆေးဝါးများအပေါ် အများပြည်သူတို့၏ ယုံကြည်မှု မှားယွင်းသွားမည်ကို စိုးရိမ်ကြောင့်ကြမှု ဖြစ်မိပါသည်။

တိုင်းရင်းဆေးဝါးအများစုသည် ဆေးပင်ချည်းသက်သက်ကို တိုက်ရိုက်သုံးစွဲသဖြင့် ယင်းတို့၏ကောင်းကျိုး၊ ဆိုးကျိုးအာနိသင်များမှာ ထင်ထင်ရှားရှား မတွေ့ရတတ်ပါ။ ဆေးဝါး၏ ထိရောက်မှုအတွက် ဆေးချိန်ဆေးညွှန်း မှန်ကန်မှုမှာ လွန်စွာ အရေးကြီးပါသည်။ အနောက်တိုင်း ဆေးဝါးများမှာမူ အာနိသင်ရှိသော ဓာတုပစ္စည်းကို ဖော်ထုတ်၍ပြုလုပ်ထားခြင်းကြောင့် ကောင်းကျိုး၊ ဆိုးကျိုး အာနိသင်များ ပိုမိုတွေ့ရှိရမည်ဖြစ်ပါသည်။ ဥပမာအားဖြင့် Digoxin ဆေးသုံးစွဲခြင်းသည် Digitalis purpurea ဆေးပင်အား ဝါးစားခြင်းထက် ကောင်းကျိုးအာနိသင် ပိုမိုရှိနိုင်သကဲ့သို့ ဆိုးကျိုးအနေဖြင့်လည်း ပိုမိုဖြစ်နိုင်ပါသည်။

အချို့တိုင်းရင်းဆေးဖုံများမှာ ဝိဇ္ဇာရေနည်းဖြင့် ဖော်စပ်ထားပြီး အာဆင်းနစ်၊ မာကြူရီ၊ ခဲနှင့်ရွှေ စသည်တို့ ပါဝင်ကြောင်း သုတေသနပြုတွေ့ရှိရပါသည်။ ယင်းဆေးဝါးများမှာ ကြာရှည်သုံးစွဲပါက အသက်အန္တရာယ်အထိ အဆိပ်သင့်နိုင်ပါသည်။ အနောက်တိုင်း ဆေးဝါးများတွင်လည်း ကာလသားရောဂါအတွက် မာကြူရီ ပါဝင်သောဆေးနှင့် အဆစ်အမြစ်ရောင်ခြင်းအတွက် ရွှေပါသော ဆေးဝါးများ သုံးစွဲကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် အနောက်တိုင်း ဆေးဝါးများမှာ သွေးတွင်းသို့ စုပ်ယူနှုန်း၊ ပျံ့နှံ့နှုန်းနှင့် ခန္ဓာကိုယ်ထဲမှ စွန့်ပစ်သောနှုန်း (Pharmacokinetics) များကို သိပ္ပံနည်းကျကျ သုတေသနပြု သိရှိထားသည့်အတွက် အဆိပ်သင့်မှုကို ဆေးဝါးဗေဒနည်းဖြင့် တွက်ချက်၍ ရှောင်ရှားနိုင်ပါသည်။ တိုင်းရင်းဆေးဝါးများတွင်မူ ဤကဲ့သို့ သိပ္ပံနည်းကျကျ သုတေသနပြု ဆောင်ရွက်ထားခြင်း မရှိသည့်အတွက် မည်သည့်ကာလအတိုင်းအတာအထိ သုံးစွဲနိုင်သည်၊ မသုံးစွဲနိုင်သည်ကို မသိရှိနိုင်ပါ။

ဆေးဝါးများအား ယင်းတို့၏ အာနိသင်အတိုင်း မှန်မှန်ကန်ကန် သုံးစွဲရန် အရေးကြီးပါသည်။ အားဆေး (ဗီတာမင်)များကို လူတို့၏ ခန္ဓာကိုယ် ပုံမှန်လှုပ်ရှားမှုရှိစေရန်နှင့် ကိုယ်ခံအားကောင်းစေရန် ရည်ရွယ်၍ သုံးစွဲနေကြပါသည်။ သို့ရာတွင် Vitamin A ချို့တဲ့လျှင် ညဘက်တွင် မျက်စိကွယ်သည့် ရောဂါလက္ခဏာ ဖြစ်ပေါ်နိုင်ပြီး အတိုင်းအဆမရှိ သုံးစွဲလျှင်လည်း မျက်စိကွယ်တတ်ပါသည်။ ရေပင်လျှင် လိုအပ်သည်ထက် များစွာသောက်သုံးပါက ဖောရောင်ခြင်းများ၊ ရေအဆိပ်သင့်ခြင်းများ ဖြစ်တတ်ပါသည်။

ဆေးဝါးများအသုံးပြုခြင်းနှင့် ပတ်သက်သည့် ပြဿနာများ ဖြေရှင်းခြင်း

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဆေးဝါးများသုံးစွဲရာတွင် ဆေးဝါးနှင့်ပတ်သက်သော ဗဟုသုတနှင့် မှန်ကန်သော ဆေးဝါးသုံးစွဲနည်းများ သိရှိရန် လိုအပ်ပါသည်။ ၁၉၉၇ မှ ၂၀၀၃ ခုနှစ်အထိ အဆိပ်သင့်မှု သုတေသနတွေ့ရှိချက်များအရ ဆေးဝါး အလွန်အကျွံသုံးစွဲ၍ အဆိပ်သင့်ခြင်းသည် အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဤသို့ဖြစ်ရခြင်းမှာ အဓိကအားဖြင့် ဆေးဝါးများကို မမှန်မကန် မိမိသဘောအလျောက် သုံးစွဲခြင်းများကြောင့် ဖြစ်ပါသည်။ သို့ဖြစ်၍ ဆေးဝါးများကို မှန်ကန်စွာ သုံးစွဲစေရန်နှင့် ပတ်သက်၍ အသိပညာများ ဖြန့်ဖြူးပေးရန်အတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်အရ ကျန်းမာရေးဝန်ကြီးဌာနအောက်တွင် အမျိုးသား အဆိပ်ထိန်းချုပ်မှုဌာနကို ၁၈-၁၀-၂၀၀၃ တွင် ဖွင့်လှစ်တည်ထောင်ခဲ့ပါသည်။

အမျိုးသား အဆိပ်ထိန်းချုပ်မှုဌာနအနေဖြင့် အဆိပ်သင့်မှုများနှင့် ပတ်သက်၍ သတင်းပြန်ကြားပေးရာတွင် နိုင်ငံတကာရှိ အဆိပ်ထိန်းချုပ်မှုဌာနများတွင် သုံးနေကြသော Micromedex, Poisondex, WHO/IPCS/INCHM စသော CDROMများ၊ စာအုပ်စာတမ်းများ အသုံးပြုဆောင်ရွက်သကဲ့သို့ အမျိုးအမည်မသိ အဆိပ်များအား စစ်ဆေးတိုင်းတာပေးခြင်းအတွက် နိုင်ငံတော်က ပံ့ပိုးကူညီထားသော ခေတ်မီ ဓာတ်ခွဲခန်းသုံးစက်ကိရိယာပစ္စည်းများ အသုံးပြုဆောင်ရွက်နေပါသည်။

နိဂုံးချုပ်အနေဖြင့် ဆေးဝါးများကို သုံးစွဲသည့်အခါ မိမိသဘောနှင့် မိမိ သောက်သုံးခြင်းများ မပြုလုပ်သင့်သကဲ့သို့ အခြားသူက ကောင်းသည်ဟု ညွှန်းတိုင်း မိမိခံစားနေရသည့် ရောဂါနှင့် ကိုက်ညီမှု ရှိ၊ မရှိကို တတ်ကျွမ်းနားလည်သည့် ဆေးပညာရှင်များနှင့် တိုင်ပင်ကုသမှုမရှိဘဲ သုံးစွဲခြင်း၊ ဆေးချိန်ဆေးညွှန်းထက် ကျော်လွန်ပြီး စားသုံးခြင်း၊ လျှော့စားခြင်းများကို မပြုလုပ်သင့်ပါ။ သို့ပါ၍ ဆေးဝါးတိုင်းကို နားလည်တတ်ကျွမ်းသည့် ဆရာဝန်များ၊ သမားတော်များ၏ အညွှန်းဖြင့်သာ သောက်သုံးသင့်ပါသည်။ **တန်ဆေး-လွန်ဘေး** ဆိုသည့် မြန်မာစကားပုံအတိုင်း သတိပြုကြကာ ဆေးဝါးများကို **သုံးတတ်လျှင်ဆေး** ဖြစ်ပြီး **မသုံးတတ်လျှင်ဘေး** မဖြစ်စေရန် ဤဆောင်းပါးဖြင့် အကြံပြုရေးသားလိုက်ရပါသည်။ ။

ရပ်စောက်–နောင်ချိုကားလမ်း ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းအကြား အရေးပါ သွားလာမှု လွယ်ကူသွက်လက်ရေးအတွက် လမ်းသားချောမွေ့ကောင်းမွန်အောင် ပြုပြင်

☆ ရွှေဖုံးမှ

ရဟတ်ယာဉ်များဖြင့် မန္တလေးမြို့အနီး၌ တည်ဆောက်လျက်ရှိသည့် ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းကိုလည်းကောင်း၊ ရပ်စောက်–နောင်ချိုကားလမ်းရှိ ဒုဋ္ဌဝတီမြစ်ကူး ဒုဋ္ဌဝတီတံတား(နောင်ချို) တည်ဆောက်ရေးလုပ်ငန်းများကို လည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဒုဋ္ဌဝတီတံတား(နောင်ချို) နှင့် စပ်လျဉ်း၍ ရပ်စောက်–နောင်ချိုကားလမ်းသည် ရှမ်းပြည်နယ်(တောင်ပိုင်း) နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အကြား အရေးပါသည့် ဆက်စပ်လမ်း တစ်လမ်းဖြစ်ရာ သွားလာမှု လွယ်ကူသွက်လက်ရေးအတွက် လမ်းသားချောမွေ့ ကောင်းမွန်အောင် ကြိုးပမ်းပြုပြင် ဆောင်ရွက်ကြရန်နှင့် ဒုဋ္ဌဝတီတံတား (နောင်ချို)ကိုလည်း ခိုင်ခိုင်ခံ့ခံ့နှင့် အမြန်ဆုံးပြီးစီးအောင် တည်ဆောက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

အနီးစခန်း လေယာဉ်ကွင်း

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဧပြီ ၈ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ် အနီးစခန်းလေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေး စီမံကိန်း လုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ကာကွယ်ရေး ဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် တင်ထွန်းက အနီးစခန်းလေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေး စီမံကိန်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ လေယာဉ်ကွင်းဒီဇိုင်းအရ ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏ၊ စက်ယန္တရားများ ရောက်ရှိမှုအခြေအနေတို့ကို ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင်က လေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများနှင့် ဆက်စပ်ဆောင်ရွက်သွားမည့် စည်သာချောင်းနှင့် ဆင်ခေါင်း ချောင်းများ ရေလွှဲရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက လေယာဉ် ကွင်း တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်ဦးလွင်မြို့နယ် အနီးစခန်းလေယာဉ်ကွင်း တိုးချဲ့တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းတွင် တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီးနောက် လိုအပ်သည်များကို လမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြိုဆိုကြစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တည်ဆောက်မည့် လေယာဉ်ကွင်းနှင့်စပ်လျဉ်း၍ ရေရှည်တွက်ချက်စဉ်းစား ဆောင်ရွက်သင့်သည်များကို မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် အနီးစခန်း လေယာဉ်ကွင်းကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၏ ပြင်ဦးလွင် ဆေးဝါးစက်ရုံသစ်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ အမှတ်(၁) စက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ဆေးဝါးစက်ရုံသစ် တည်ဆောက် ရခြင်း၏ ရည်ရွယ်ချက်များ၊ စက်ရုံစီမံကိန်းနယ်မြေ၏ အကျယ်အဝန်း၊ တည်ဆောက်ပြီးစီးသော အဆောက်အအုံများအခြေအနေ၊ ပြည်ပမှ မှာယူ တင်သွင်းထားသော စက်ပစ္စည်းများ အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ယခု ဆေးဝါးစက်ရုံသည် အများပြည်သူအသုံးများပြီး အရေးကြီးသော ဆေးဝါးများ၊ အစွမ်းထက်သော ဆေးဝါးများကို ထုတ်လုပ်ပေးနိုင်အောင် ညှိနှိုင်းစီမံရန်လိုကြောင်း။

လူအသုံးနည်းပြီး ခေတ်မမီတော့သည့် ဆေးဝါးများ ထုတ်လုပ်နေ၍ မဖြစ်ကြောင်း၊ ရေရှည်၌ မိမိခြေထောက်အပေါ် မိမိရပ်တည်၍ စက်ရုံ လည်ပတ်နိုင်အောင် ကြိုးစားရမည်ဖြစ်ကြောင်း၊ လိုအပ်သော ကုန်ကြမ်းများနှင့် စပ်လျဉ်း၍ သုတေသနပြုလုပ်ပြီး ရှာဖွေထုတ်လုပ်နိုင်ရန် လိုကြောင်းဖြင့် လမ်းညွှန်မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင် ဆေးဝါးစက်ရုံသစ် တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး ကြသည်။

ပြင်ဦးလွင် ဆေးဝါးစက်ရုံသစ်ကို တည်ဆောက်ခြင်းဖြင့် မြန်မာပြည် အလယ်ပိုင်းနှင့် အထက်ပိုင်းဒေသများ၌ ဆေးဝါးနှင့် ဆေးဝါးပစ္စည်းများကို လွယ်ကူမြန်ဆန်စွာ ဖြန့်ဖြူးနိုင်မည်ဖြစ်ပြီး ပြည်ပမှ ဆေးဝါးတင်သွင်းမှုကိုပါ လျှော့ချသွားနိုင်မည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၏ ပြင်ဦးလွင် ဆေးဝါးစက်ရုံသစ်တွင် ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

ရွှေပြည်သာ သဲအင်းဂူရိပ်သာ အမှတ်(၄) တရားစခန်း

ရန်ကုန် ဧပြီ ၁၀

ရွှေပြည်သာမြို့ (၆/၁၀)ရပ်ကွက် ချင်းတွင်းလမ်း သဲအင်းဂူရိပ်သာအမှတ်(၄) မဟာသကြ်န် အထူးတရားစခန်းကို ဧပြီ ၁၂ရက်တွင် စတင်ကျင်းပ၍ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ စန္ဒောဘာသ (စစ်ကိုင်း-ဆုလာဘ်)က သဲအင်းဂူဆရာတော် ကြီး၏ ဥပနိဿယအတိုင်း ဟောကြားမည်ဖြစ်ရာ တရားအားထုတ်လိုသူများ နာယက ဦးတင်အေး ဖုန်း-၆၃၅၄၄၅၊ ဦးဉာဏ်ထွန်း ဖုန်း-၆၁၀၈၉၀တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း နှိုးဆော်ထားသည်။ (က-ပ)

စီးပွားကူးသန်း ရှေ့သို့လှမ်း

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် မိုးစဲကျွန်းရှိ မြတ်ဗုဒ္ဓ၏ ပါဒခြေတော်ရာ မဟာသုဝဏ္ဏပါသာဒ ဂန္ဓကုဋိကျောင်းတော်ကြီးနှင့် အတွင်းကြေးပြာသာဒ်တော် အာရုံခံစောင်းတန်း ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တင်လှူပူဇော်

ရန်ကုန် ဧပြီ ၁၀

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူ များလိုက်ပါလျက် ဧပြီ ၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ နံနက် ၈ နာရီ ၄၅မိနစ်တွင် ရောက်ရှိကြသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များအား ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်နှင့် စစ်ဘက်နယ်ဘက်မှ အရာရှိများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး လိုက်ပါလျက် တပ်မတော်ရဟတ်ယာဉ်များဖြင့် ရသေ့တောင်မြို့နယ် မိုးစဲကျွန်းပေါ်ရှိ မြတ်ဗုဒ္ဓ၏ ပါဒခြေတော်ရာသို့ ရောက်ရှိကြသည်။

ရွှေထီးတော်တင်လှူ

ထို့နောက် ရသေ့တောင်မြို့နယ် မိုးစဲကျွန်းပေါ်ရှိ မြတ်ဗုဒ္ဓ၏ ပါဒခြေတော်ရာ မဟာသုဝဏ္ဏပါသာဒ ဂန္ဓကုဋိကျောင်းတော်ကြီးနှင့်အတွင်းကြေးပြာသာဒ်တော်၊ အာရုံခံစောင်းတန်း၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တင်လှူပွဲ မင်္ဂလာအခမ်းအနားကို အဆိုပါ ဂန္ဓကုဋိကျောင်းတော်ကြီး၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ ရွှေထီးတော် တင်လှူပူဇော်သည်။

တက်ရောက်

မင်္ဂလာအခမ်းအနားသို့ အလိုတော်ပြည့်ကျောင်းတိုက်များ၏ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အလိုတော်ပြည့် ဆရာတော် ဘဒ္ဒန္တအရိယဝံသ အမှူးပြုသော ဆရာတော် သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဖူးမြော်ကြည်ညို

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြတ်ဗုဒ္ဓ၏ ပါဒခြေတော်ရာကို ဖူးမြော်ကြည်ညိုသည်။

ထို့နောက် မင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

သီလခံယူဆောက်တည်

ယင်းနောက် ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဓီးကိုင်း ဂူနားကျောင်း ဆရာတော် ဘဒ္ဒန္တဝရသာမိထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်ကပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အတွင်းကြေးပြာသာဒ်တော်၏ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကိုလည်းကောင်း၊ မြတ်ဗုဒ္ဓ၏ ပါဒခြေတော်ရာအတွက် အလှူတော်ငွေကိုလည်းကောင်း အလိုတော်ပြည့် ဆရာတော် ဘဒ္ဒန္တအရိယဝံသထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက မြတ်ဗုဒ္ဓ၏ ပါဒခြေတော်ရာ မဟာသုဝဏ္ဏပါသာဒ ဂန္ဓကုဋိကျောင်းတော်ကြီး၌ တင်လှူပူဇော်မည့် ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို အလိုတော်ပြည့်ဆရာတော် ဘဒ္ဒန္တ အရိယဝံသထံ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးနှင့် ဝန်ကြီးများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

လှူဒါန်း

ဆက်လက်၍ မြတ်ဗုဒ္ဓ၏ ပါဒခြေတော်ရာအတွက် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ငွေကျပ်တစ်သိန်း၊ သီရိသုဓမ္မ မဏိဇောတဓရ သီဟသုဓမ္မ မဏိဇောတဓရ ဦးကျော်မင်းနှင့် မိသားစုက ငွေကျပ် ၄၅၀၀၀၀ နှင့် ဦးစောထွန်းဦး အမှူးပြုသော ရခိုင်ငြိမ်းချမ်းရေးအဖွဲ့က ငွေကျပ်သုံးသိန်းတို့ကို အလိုတော်ပြည့်ဆရာတော် ဘဒ္ဒန္တအရိယဝံသထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အလိုတော်ပြည့်ကျောင်းတိုက်များ၏ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အလိုတော်ပြည့် ဆရာတော် ဘဒ္ဒန္တ အရိယဝံသက အနုမောဒနာတရား ဟောကြားတော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် မင်္ဂလာအစီအစဉ် ပထမပိုင်းကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ မြတ်ဗုဒ္ဓ၏ ပါဒခြေတော်ရာ မဟာသုဝဏ္ဏပါသာဒ ဂန္ဓကုဋိကျောင်းတော်ကြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော် တင်လှူခြင်း အစီအစဉ်ကို ကျင်းပသည်။

နတ်ဗြဟ္မာများဖိတ်ကြား

ရှေးဦးစွာ မောင်တောမြို့ အောင်မြေဇောဓိသာသနာ့ရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ မဏိသာရက ဒေဝနိမန္တ ရဂါထာတော်ဖြင့် နတ်ဗြဟ္မာများကို ဖိတ်ကြားတော်မူသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အတွင်းကြေးပြာသာဒ်တော်အာရုံခံစောင်းတန်း၌ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်သည်။

ထို့နောက် ဥပါသကာများက ဂန္ဓကုဋိတိုက်တော်တွင် တင်လှူပူဇော်မည့် ထီးတော်ဘုံဆင့်များ၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို မင်းဗာထီးတော်တင်အဖွဲ့၏ ရထားပျံမဏ္ဍပ်သို့ ပင့်ဆောင်ကြသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဂန္ဓကုဋိတိုက်တော်တွင် တင်လှူပူဇော်မည့် ရွှေထီးတော်ဘုံဆင့်များ၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို ရထားပျံဖြင့် ဂန္ဓကုဋိတိုက်အထွတ်သို့ပင့်ဆောင်ကြသည်။

ထိုအချိန်တွင် ဆရာကြီး ဦးကျော်မင်းက စိန္တာမဏိ ဂါထာတော်ကို ရွတ်ဆိုပူဇော်သည်။

တင်လှူပူဇော်

ထို့နောက် ဥပါသကာများက ဂန္ဓကုဋိတိုက်တော်အား ထီးတော်ဘုံဆင့်များ တင်လှူပူဇော်ကြသည်။

မင်္ဂလာအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ငြမ်းအထက်သို့ တက်ရောက်၍ ဂန္ဓကုဋိတိုက်တော်၏ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်း၍ ရောင်တော်ဖွင့်ပူဇော်သည်။

ထို့နောက် မောင်တောမြို့ အလိုတော်ပြည့်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ မဏိသာရက ဖိတ်ကြားထားသော နတ်ဗြဟ္မာများကို ပြန်လည်ပို့ဆောင်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် မင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က ရွှေမိုးငွေမိုးရွာသွန်းသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် မိုးစဲကျွန်းရှိ မြတ်ဗုဒ္ဓ၏ ပါဒခြေတော်ရာကို ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

တင်လှူပူဇော်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဧပြီ ၉ရက်က ရသေ့တောင်မြို့နယ် မိုးစဲကျွန်းရှိ မြတ်ဗုဒ္ဓ၏ ပါဒခြေတော်ရာ မဟာသုဝဏ္ဏပါသာဒ ဂန္ဓကုဋိကျောင်းတော်ကြီးနှင့် အတွင်းကြေးပြာသာဒ်တော် အာရုံခံစောင်းတန်း၌ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်စဉ်။ (သတင်းစဉ်)

မွန်တိုင်းရင်းသား လေ့လာရေးအဖွဲ့ ရွှေတိဂုံစေတီတော် ဖူးမြော်ကြည်ညို

ရန်ကုန် ဧပြီ ၁၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဖိတ်ကြားချက်အရ တန်ခိုးကြီးဘုရားများ ဖူးမြော်ရန်နှင့် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုလေ့လာရန် ရန်ကုန်မြို့တွင် ရောက်ရှိနေသော မွန်ပြည်နယ် ရေးချောင်းဖျားဒေသမှ မွန်တိုင်းရင်းသား၊ တိုင်းရင်းသူ လေ့လာရေးအဖွဲ့ဝင် ၅၂ ဦးတို့သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူး ဗိုလ်ကြီးအေးကျော် လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။ ဆက်လက်၍ မဟာဝိဇယစေတီတော်အား ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။

လေ့လာရေး အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် တပ်မတော်စစ်သမိုင်းပြတိုက်သို့လည်းကောင်း၊ ထိုမှ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်သို့လည်းကောင်း သွားရောက်ကြည့်ရှု လေ့လာကြသည်။

(သတင်းစဉ်)

စက်ခလုတ်နှိပ်ဖွင့်လှစ်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဧပြီ ၉ရက်က ရသေ့တောင်မြို့ အခြေခံပညာအထက်တန်းကျောင်း Multi Media စာသင်ခန်းများ ဖွင့်ပွဲအထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး



★ **ကျောဖုံးမှ**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ထို့နောက် ရသေ့တောင်မြို့ အခြေခံပညာအထက်တန်းကျောင်း Multi Media စာသင်ခန်းများ ဖွင့်ပွဲနှင့် နှစ်ထပ်ကျောင်းဆောင်သစ်ပန္နက်တင် အခမ်းအနားကို နံနက် ၁၁နာရီ၁၅မိနစ်တွင် အဆိုပါကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားများသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အမှတ်(၁) အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့များ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရသေ့တောင်မြို့ အခြေခံပညာ အထက်တန်းကျောင်း၏ မြန်မာ့ပညာရေးမျှော်မှန်းချက် ကမ္ပည်းမော်ကွန်းနှင့် "ပညာရေးဆောင်ပုဒ်" ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

ထို့နောက် ထူးချွန်ကျောင်းသား၊ ကျောင်းသူများက ရွှေကြိုးဆွဲ၍ **"မြန်မာ့ပညာရေးမျှော်မှန်းချက် ကမ္ပည်းမော်ကွန်း"** နှင့် **"ပညာရေးဆောင်ပုဒ်"** ကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ပညာရေးမျှော်မှန်းချက် ကမ္ပည်းမော်ကွန်းနှင့် "ပညာရေးဆောင်ပုဒ်" ဖွင့်ပွဲ အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ကျောင်းသီချင်းကို သီဆိုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ရသေ့တောင်မြို့ အခြေခံပညာ အထက်တန်းကျောင်း Multi Media စာသင်ခန်းများ ဖွင့်ပွဲကို ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ ကျောင်းအုပ်ဆရာကြီး ဦးသန်းအောင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဦးသာဇံတို့က ဖဲကြိုးဖြတ်၍ ရသေ့တောင်မြို့ အခြေခံပညာ အထက်တန်းကျောင်း Multi Media စာသင်ခန်းများကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က Multi Media စာသင်ခန်းများ ဖွင့်ပွဲအထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုအားပေး

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Computer Lab၊ Computer Aided Instruction Language Lab၊ Electronic Media(Video System)၊ Projected Media၊ Printed Media၊ ပန်းချီအနုပညာခန်းနှင့် အိမ်တွင်းမှုနှင့် လက်မှုခန်းတို့ကို လှည့်လည်၍ ကျောင်းသား၊ ကျောင်းသူများ၏ စွမ်းရည်ပြသမှုကို ကြည့်ရှုအားပေး စစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းသား၊ ကျောင်းသူများ၏ အနုပညာစွမ်းရည်ပြ တင်ဆက်မှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ရသေ့တောင်မြို့ အခြေခံပညာ အထက်တန်းကျောင်း Multi Media စာသင်ခန်းများ ဖွင့်ပွဲ အစီအစဉ်ကို ကျောင်းခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ ကျောင်းအုပ်ဆရာကြီး ဦးသန်းအောင်က ရသေ့တောင်မြို့ အခြေခံပညာ အထက်တန်းကျောင်း၌ Multi Media စာသင်ခန်းများ ဖွင့်လှစ်သင်ကြားရခြင်း၏ ရည်ရွယ်ချက်နှင့် တပ်ဆင်သင်ကြားလျက်ရှိသော ခေတ်မီသင်ထောက်ကူပစ္စည်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဦးသာဇံက Multi Media စာသင်ခန်းများ ပေါ်ပေါက်လာစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရသေ့တောင်မြို့ အခြေခံပညာ အထက်တန်းကျောင်း အတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်သည်။

ဆက်လက်၍ ရသေ့တောင်မြို့ အခြေခံပညာ အထက်တန်းကျောင်း အတွက် ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များမှ အလှူရှင်များ လှူဒါန်းငွေကျပ် ၃၅သိန်း၊ ရသေ့တောင် မြို့နယ်များမှ လှူဒါန်းငွေကျပ် ၁၀သိန်းတို့ကို အလှူရှင်များကိုယ်စား ရသေ့တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းက ကျောင်းအုပ်ကြီးအား ပေးအပ်သည်။

ရပ်မိရပ်ဖများနှင့်တွေ့ဆုံ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရသေ့တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ရသေ့တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းက မြို့နယ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ စိုက်ပျိုးရေးနှင့် ပတ်သက်၍ မိုးစပါးစိုက်ဧကနှင့် အထွက်နှုန်း၊ နွေစပါးစိုက်ပျိုးနိုင်မှု စိုက်ဧက တိုးချဲ့ရေး၊ အထွက်နှုန်းတိုးရေး ဆောင်ရွက်မှု၊ ငရုတ်ကောင်း စိုက်ပျိုးမှု၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှု၊ ကျန်းမာရေး၊ ပညာရေးလုပ်ငန်း၊ လမ်းတံတားလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် သောက်သုံးရေ ရရှိရေးဆောင်ရွက်မှု၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တာဝန်ရှိသူများက စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

အမှာစကားပြောကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြသည့် ဒေသဖွံ့ဖြိုးရေး၊ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ရသေ့တောင်မြို့နယ်အပါအဝင် ရခိုင်ပြည်နယ်သည် ရာသီဥတုကောင်းမွန်သည့်အပြင် မြေဩဇာကောင်းမွန်ပြီး ရေသယံဇာတလည်း ပေါကြွယ်ဝလှသည့် ပြည်နယ်တစ်ခုဖြစ်သည်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းများ ပိုင်ဆိုင်ထားသည့် ပြည်နယ်တစ်ခု ဖြစ်ကြောင်း၊ ဒေသတာဝန်ခံများ၏ တင်ပြချက်များအရ မြို့နယ်၏ ဝမ်းစာဖူလုံမှုရှိသည်ဆိုရုံမျှဖြင့် ရပ်တန့်မနေဘဲ တစ်ဧကတင်း ၁၀၀ထွက်ရှိရေး ရည်မှန်းချက်များပြည့်မီအောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း။

တွန်းအားပေးပံ့ပိုး

ထို့ပြင် ဒေသအတွင်းဖြစ်ထွန်းနေသည့် ပုစွန်မွေးမြူရေးလုပ်ငန်းများအပြင် ကြက်၊ ဝက် စသည့်မွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းအောင် တွန်းအားပေးပြီး လိုအပ်သည့် ပံ့ပိုးကူညီမှုများပေးသွားကြရန်လိုကြောင်း။

ရသေ့တောင်မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှု ပိုမိုရရှိရေးအတွက် ဌာနဆိုင်ရာ တာဝန်ခံများအနေဖြင့် ဝီရိယအား၊ စေတနာအား ပေါင်းစပ်ပြီး ကြိုးပမ်းဆောင်ရွက်ပေးသွားကြရန် လိုကြောင်း။

ထိထိရောက်ရောက်ကြိုးပမ်း

မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူအားလုံးက မိမိတို့မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသနေ ပြည်သူများ စီးပွားတိုးတက်မြင့်မားရေးသည် မိမိတို့တွင် တာဝန်ရှိသည်ဆိုသည့် ခံယူချက် သဘောထားဖြင့် ဝီရိယနှင့် စေတနာပေါင်းစပ်ပြီး ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း။

မြို့နယ်များ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်မှုများရရှိရန် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ မြို့စည်ပင်သာယာရေး စသည့်ကဏ္ဍစုံတွင် ဖွဲ့စည်းထားသည့် ကော်မတီများဖြင့် ညီညွတ်မှုအား၊ စုစည်းမှုအားတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဧပြီ ၉ရက်က မောင်တောမြို့နယ် အောင်သပြေရှိ နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ် အမှတ်(၁) နယ်မြေရုံး၌ ဒေသခံပြည်သူများအတွက် ရုပ်မြင်သံကြားစက်၊ ဆေးဝါး၊ ဗလာစာအုပ်နှင့် စားသောက်ဖွယ်ရာများကို ပေးအပ်စဉ်။

(သတင်းစဉ်)

ကျေးလက်များအရောက်သွား

မြို့နယ်တာဝန်ခံဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မိမိမြို့နယ်အတွင်း ပကတိအခြေအနေမှန်များ သိရှိနိုင်ရန် ကျေးလက်ဒေသများအရောက် သွားပြီး ပြည်သူများ၏ လိုအပ်ချက်၊ လိုလားချက်များကို သိရှိအောင် လေ့လာဖြည့်ဆည်းပေးပြီး မှန်ကန်သည့် စီမံခန့်ခွဲမှုဖြင့် ပြည်သူများ၏လေးစားမှု၊ အားကိုးမှုများရရှိရန် ဆောင်ရွက်ကြဖို့ အထူးအရေးကြီးကြောင်း၊ မြို့နယ်တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်ပြီး စေတနာမှန်ဖြင့် ဝီရိယစိုက်ထုတ်ဆောင်ရွက်ပေးသွားကြမှသာ မိမိတို့မြို့နယ်များ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ကြောင်း။

နိုင်ငံတော်က ရခိုင်ပြည်နယ်၏ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အကူဖြစ်စေသည့် လမ်းတံတား၊ ဆေးရုံ၊ ဆေးပေးခန်း၊ ကျောင်း စသည့် အခြေခံ အဆောက်အအုံများစွာကို တည်ဆောက်ပေးလျက် ရှိကြောင်း၊ ပြည်နယ်အတွင်းတာဝန်ယူ ဆောင်ရွက်လျက်ရှိကြသည့် အဆင့်ဆင့်သော ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများအပိုင်းကလည်း မိမိတို့ဒေသများ အမြန်ဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာအောင် တက်ညီလက်ညီ ပူးပေါင်းပါဝင် အားထည့်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းအကျိုးတော်ဆောင် အဖွဲ့များ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ အလိုတော်ပြည့် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ အရိယဝံသအား အမှူးထား၍ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဝင်္ကပါလမ်းနေ ဦးချောင်-ဒေါ်ရွှေစင်မိသားစု (Gold Uni Investment Co.,Ltd.)တို့က ငွေကျပ် ၂၉၅၄သိန်းကျော် အကုန်အကျခံ တည်ဆောက်လှူဒါန်းသည့် ရသေ့တောင်မြို့ အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို အဆိုပါ ကျောင်းပရဝဏ်အတွင်း၌ ကျင်းပသည်။

အစီအစဉ်အရ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

❒ စာမျက်နှာ ၁၀ မှ
နှစ်ထပ် ကျောင်းဆောင်သစ် တည်ဆောက်ရန် သတ်မှတ်နေရာ၌ ပန္နက်တိုင် စိုက်ထူသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အလျားပေ ၂၁၀၊ အနံ ၇၈ ပေရှိမည့် ကျောင်းဆောင်သစ်ဗိသုကာပုံစံကို ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။

သာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေး အပါအဝင် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဌာနချုပ်ကွပ်ကဲရေးမှူးဦးမြင့်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးကျော်စိုးက တောင်ပြိုလက်ဝဲမြို့ရှိ လူဦးရေ၊ မိုးစပါး၊

တွေ့ဆုံမှာကြား

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် ဧပြီ ၉ ရက်က ရသေ့တောင်မြို့ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ရသေ့တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံမှာကြားစဉ်။
(သတင်းစဉ်)

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည်ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မောင်တောမြို့နယ် အောင်သပြေ စံပြကျေးရွာသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရခိုင်၊ မြိုသက်၊ ဒိုင်းနက်စသည့် တိုင်းရင်းသားကျေးရွာသူ၊ ကျေးရွာသားများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မြို၊ သက်၊ရခိုင် တိုင်းရင်းသား၊ တိုင်းရင်းသူများက ရိုးရာယဉ်ကျေးမှု အတီးအကများဖြင့် ကြိုဆိုကြသည်။

ထိုနောက် အောင်သပြေစံပြရွာ ဗန္ဓုလခန်းမ၌ နယ်စပ်ဒေသလူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ် ခေတ္တကွပ်ကဲရေးမှူးဦးမြင့်ဦးနှင့် အမှတ်(၁) နယ်မြေ နယ်မြေမှူး ဦးစိုးမောင်မောင်တို့က နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ပညာရေး၊ကျန်းမာရေး၊လမ်းတံတားလုပ်ငန်းများအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒေသခံများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များမှာကြားပြီး ဒေသဖွံ့ဖြိုးရေးအတွက် ပညာရေး၊ကျန်းမာရေး၊လမ်းပန်းဆက်သွယ်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အောင်သပြေစံပြကျေးရွာအတွက် ရုပ်မြင်သံကြားစက်ကိုလည်းကောင်း၊ ကျေးရွာဆေးခန်းအတွက် ဆေးဝါးပစ္စည်းများကိုလည်းကောင်း၊ အောင်သပြေစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အတွက် ဗလာစာအုပ်နှင့် သင်ထောက်ကူပစ္စည်းများကို လည်းကောင်း၊ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကိုလည်းကောင်း သက်ဆိုင်ရာ တာဝန်ရှိသူ အသီးသီးသို့ ပေးအပ်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မောင်တောမြို့နယ် တောင်ပြိုလက်ဝဲမြို့သို့ရောက်ရှိကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးကွပ်ကဲမှု အမှတ်(၃)နယ်မြေ နယ်မြေမှူးနှင့်ဝန်ထမ်းများနှင့်မိသားစုများ၊ ဒေသခံများက ကြိုဆိုကြသည်။

ထို့နောက် အမှတ်(၃)နယ်မြေ နယ်မြေမှူး ဦးစန်းအောင်က အမှတ်(၃) နယ်မြေအတွင်း နယ်မြေ အေးချမ်းနွေစပါးစိုက်ပျိုးမှု၊ ဒေသဝမ်းစာဖူလုံမှု၊ မွေးမြူရေးလုပ်ငန်း၊ပညာရေး၊ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုနှင့် လုပ်ငန်းလိုအပ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော် ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ တောင်ပြိုလက်ဝဲ ပြည်သူ့ဆေးရုံအတွက် ဆေးဝါးများကိုလည်းကောင်း၊ တောင်ပြိုလက်ဝဲ အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများအား ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် တောင်ပြိုလက်ဝဲ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာအောင်ကျော်မိုးနှင့် ဆရာမများက ကြိုဆိုကြပြီး ဆေးသိုလှောင်ခန်း၊ လူနာခန်း၊ ခွဲစိတ်ခန်းများကို လိုက်လံပြသရှင်းလင်းကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တောင်ပြိုလက်ဝဲ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြည့်ရှုကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များမှာကြားသည်။

ဖြည့်စွက်မှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တောင်ပြိုလက်ဝဲမြို့ပြစီမံကိန်းအကွက်ချပုံစံကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မောင်တောမြို့သို့ ရောက်ရှိကြရာ ဗျူဟာမှူး ဗိုလ်မှူးကြီးအောင်နိုင်ထွန်း၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မောင်တောမြို့ သီရိမင်္ဂလာခန်းမ၌ မောင်တောခရိုင်နှင့် မောင်တော၊ ဘူးသီးတောင်မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မောင်တောခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရန်မျိုးအောင်က မောင်တောခရိုင်၏ တည်နေရာနှင့် အကျယ်အဝန်း၊ အိမ်ထောင်စုနှင့်လူဦးရေ၊ မြေယာအသုံးချမှု၊ မိုးရွာသွန်းမှု၊ မိုးစပါးစိုက်ပျိုးနိုင်မှု၊ အထွက်နှုန်းနှင့် အထွက်တင်းပေါင်း၊ နွေစပါးစိုက်ပျိုးနိုင်မှု၊ ဒေသဝမ်းစာဖူလုံမှု၊ ဆီထွက်သီးနှံစိုက်ပျိုးမှု၊ရော်ဘာကောင်းနှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးမှု၊ နှစ်ရှည်ပင်စိုက်ပျိုးမှု၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ သောက်သုံးရေရရှိ ရေးလုပ်ငန်းများနှင့် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ဒေသဖွံ့ဖြိုးရေးအတွက်လိုအပ်သောပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်ဓာတ်အား ပိုမိုရရှိရေး၊ မြို့သောက်သုံးရေ ရရှိရေးလုပ်ငန်း လိုအပ်ချက်များကို ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားရာတွင် ယနေ့ မိမိနှင့်အတူ ဝန်ကြီးများပါဝင်သော အဖွဲ့သည် နယ်စပ်မြို့များဖြစ်သည့် ဘူးသီးတောင်၊ ရသေ့တောင်၊ မောင်တောမြို့နယ်များသို့ လာရောက်ပြီး လွန်ခဲ့သည့်ရက်အနည်းငယ်ခန့်က ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်နှင့် ဆက်စပ်ပြီး နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး၊ လမ်းပန်းဆက်သွယ်ရေးကိစ္စနှင့်ပတ်သက်၍ မိမိတို့ဘက်က ဆောင်ရွက်ဖွယ်ရာများ ဆောင်ရွက်ဖို့မှာကြားရန်နှင့် မြို့နယ်များ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ဆောင်ရွက် ဖြည့်ဆည်းပေးဖို့ လာရောက်ခြင်းဖြစ်ကြောင်း။

ဤဒေသများတွင် ယခင်က မိမိ အချိန်အတော်ကြာ တာဝန်ဖြင့်နေထိုင်လာခဲ့သဖြင့် ဤဒေသ၏အခြေအနေကို သိရှိခဲ့ကြောင်း၊ ဒေသတွင်း အေးချမ်းတည်ငြိမ်မှုများ ဖြစ်ထွန်းလာသည်နှင့်အညီ ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် အလေးထား ဆောင်ရွက်ပေးသွားရမည့် အချိန်အခါလည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံတို့မှာလည်း ချစ်ကြည်ရင်းနှီးမှုများ ဖြစ်ထွန်းတည်ရှိနေပြီး စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားကြရန် သဘောတူညီမှုများကို ချမှတ်ထားပြီး ဖြစ်ကြောင်း။

နှစ်နိုင်ငံ စီးပွားရေးကုန်သွယ်မှုလုပ်ငန်းများလုပ်ကိုင်ရာတွင် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မှန်ကန်သောလုပ်နည်းလုပ်ဟန်များဖြင့် ပုံမှန်လမ်းကြောင်းအတိုင်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စီးပွားရှောင်းဝယ်ဖောက်ကားမှုများ မှန်မှန်ကန်ကန်ဖြစ်ထွန်းလာမှသာ နိုင်ငံတော်အတွက်ရော မိမိတို့အတွက်ပါ ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းလာနိုင်မှာဖြစ်ကြောင်း၊ နိုင်ငံတော် အကျိုးရှိလာသည်နှင့်အမျှ ပြည်သူများအတွက် လိုအပ်သည်များကိုပါ ပိုမို ဆောင်ရွက်ပေးနိုင်မှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံ မိမိလူမျိုး၊ နိုင်ငံတကာအလယ်တွင် ရင်ပေါင်တန်းနိုင်စေရအောင် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားလာစေရအောင် အားထုတ်ကြိုးပမ်း ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

နိုင်ငံတကာ အခြေအနေများကို လေ့လာကြည့်လျှင် ယခင်က ဖွံ့ဖြိုးမှုနောက်ကျနေသည့် နိုင်ငံများသည် ဝီရိယစိုက်ထုတ် လုပ်ကိုင်မှုကြောင့် ယနေ့ အစစအရာရာ တိုးတက်ဖြစ်ထွန်းနေသည်ကို တွေ့ကြရမှာဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်မှာ ထိုနိုင်ငံ၊ ထိုဒေသနေ ပြည်သူများ ဝီရိယစိုက်အားထုတ်အလုပ်လုပ်မှုများတွင် များစွာတည်မှီလျက်ရှိကြောင်း။

ထို့ကြောင့် မိမိတို့ရောက်သည့်နေရာတိုင်းတွင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများအား ဝီရိယစိုက်ထုတ်ပြီး ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင် အလုပ်လုပ်ကြဖို့ အလေးထား မှာကြားနေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အပိုင်းကလည်း လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးနေသလို၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူများအပိုင်းကလည်း မိမိဒေသ၊ မိမိပြည်နယ်၊ မိမိနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့တွင်လည်း တာဝန်ရှိသည်ဆိုသည့် မှန်မြတ်သော သဘောထားခံယူချက်ဖြင့် ဝီရိယစိုက်ထုတ်ပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ပေးအပ်

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မောင်တောမြို့နယ် ကြိမ်ချောင်း အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ဗီဒီယိုပြစက်နှင့်ကွန်ပျူတာတစ်စုံတို့ကိုလည်းကောင်း၊ ဘူးသီးတောင်မြို့နယ် လက်ဝဲဒက် အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတစ်စုံတို့ကို သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးများအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြိုဆို

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မောင်တောမြို့နယ် ဝေသာလီစံပြကျေးရွာသို့ရောက်ရှိကြရာ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ကြိုဆိုကြသည်။

ထို့နောက် ဝေသာလီစံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှထွန်းကျော်က ကျေးရွာ ဖွံ့ဖြိုးရေးအတွက် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကလိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဝေသာလီစံပြကျေးရွာအတွက် ရုပ်မြင်သံကြားစက်နှင့် ဗီဒီယိုပြစက်ကိုလည်းကောင်း၊ ဝေသာလီစံပြကျေးရွာ အခြေခံပညာ မူလတန်းကျောင်းအတွက် ဗလာစာအုပ်များကိုလည်းကောင်း ကျေးရွာသူ၊ကျေးရွာသားများအတွက် ဆေးဝါးများကိုလည်းကောင်း သက်ဆိုင်ရာ တာဝန်ရှိသူများအားပေးအပ်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မောင်တောမြို့တွင် ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

ဧပြီ ၉ရက်က ရသေ့တောင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဦးချောင်-ဒေါ်ရွှေစင်မိသားစု (Gold Uni Investment Co., Ltd) တို့၏ လှူဒါန်းငွေဖြင့် တည်ဆောက်မည့် နှစ်ထပ်ကျောင်းသစ်ပုံစံကို တွေ့ရစဉ်။
(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဇော်ဂျီရေထိန်းဆည်နှင့် ရေသိုလှောင် ထားနိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကျောက်ဆည်မြို့ ရေပေးရေးလုပ်ငန်း၊ မြို့တော်ခန်းမစီမံကိန်းနှင့် ကျောက်ဆည်တက္ကသိုလ် လေးထပ်ပင်မဆောင် ဆောက်လုပ်ပြီးစီးမှု စစ်ဆေး

ရန်ကုန် ဧပြီ ၁၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဧပြီ ၈ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ကျောက်ဆည်မြို့၌ ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးဝေရေးလုပ်ငန်း၏ ရေသန့်စင်စက်ရုံ အမှတ်(၁) သို့ ရောက်ရှိပြီး ရေစုကန်၊ အနည်ထိုင်ကန်၊ ရေစစ်ကန်၊ ရေကြည်ကန်များ တည်ဆောက်ထားမှုနှင့် ရေသန့်စင်စက်ရုံ အမှတ်(၁)တို့ကို ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဇော်ဂျီရေထိန်းဆည်နှင့် ရေသိုလှောင်ထားနိုင်မှု အခြေအနေများကိုလည်းကောင်း၊ ဇော်ဂျီမြစ်တစ်လျှောက်ကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရေသန့်စင်စက်ရုံ အမှတ်(၂)ကို ကြည့်ရှုစစ်ဆေးကြပြီး စက်ရုံအနီးရှိ ဆူးကုန်းရပ်ကွက်အတွက် ရေတိုင်ကီတပ်ဆင်ထားမှုနှင့် ရေရရှိအသုံးပြုနိုင်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး ကြသည်။

ရှင်းလင်းပြသ

ဆက်လက်၍ ဆူးကုန်းရပ်ကွက်ရှိ နေအိမ်များသို့ ရေပေးဝေမှု အခြေအနေများကို ဝင်ရောက်ကြည့်ရှုစစ်ဆေးရာ အိမ်ရှင်တစ်ဦးက ရေမီတာ စနစ်တကျ တပ်ဆင်၍ ရေယူမှု၊ သန့်ရှင်းသည့် ရေရရှိမှုအခြေအနေများကို ရှင်းလင်းပြသသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဇီးတောဆည်နှင့် ရေပေးဝေနိုင်မှု အခြေအနေများကို ကြည့်ရှုကြသည်။

ထို့နောက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ ကျောက်ဆည်ခရိုင်နှင့် မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံရာ စည်ပင်သာယာရေးဦးစီးဌာန မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှက ကျောက်ဆည်မြို့ တိုးချဲ့ရေပေးရေးလုပ်ငန်းကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ကျောက်ဆည်မြို့ တိုးချဲ့ရေပေးရေးလုပ်ငန်းများကို ၂၀၀၃ခုနှစ် ဩဂုတ်လတွင် ပြီးစီးခဲ့ပါကြောင်း၊ ယခုအခါ ရပ်ကွက်များတွင် ရေတိုင် ၁၄၈၅တိုင်၊ အများသုံးရေကန် ၁၅ကန် တပ်ဆင်တည်ဆောက်ပြီးစီးပြီး ဖြစ်ပါကြောင်း၊ ရေမီတာ ၉၉၉ လုံးတပ်ဆင်ပြီး အိမ်များသို့ ရေဖြန့်ဝေပေးလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလေးလွင်က ကျောက်ဆည်မြို့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ချက်များနှင့် စည်ပင်သာယာလမ်းများ ဖောက်လုပ်နေမှုအခြေနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ရှင်းလင်း

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူး ဦးမောင်မောင်လွင်က ကျောက်ဆည်ခရိုင် ပတ်လမ်းလေးလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က မြို့ရေပေးရေးလုပ်ငန်း၊ လမ်းဖောက်လုပ်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း အစိုးရကွန်ပျူတာကောလိပ်(မန္တလေး) တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့က လိုအပ်သည်များကို မှာကြားကြသည်။

မြို့တော်ခန်းမ

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြို့တော်ခန်းမ (ကျောက်ဆည်) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ ရှေးဦးစွာ ရှင်းလင်းဆောင်၌ အရဏ်ဦးဆောက်လုပ်ရေးကုမ္ပဏီလီမိတက် စီမံကိန်းမန်နေဂျာ ဦးပါစိက မြို့တော်ခန်းမ(ကျောက်ဆည်)တ ည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် မြို့တော်ခန်းမ (ကျောက်ဆည်) တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ကျောက်ဆည်မြို့ ကျက်သရေဆောင် မြို့တော်ခန်းမကို ကျောက်ဆည်မြို့ ရန်ကုန်-မန္တလေး ကားလမ်းဘေး ပြည်လုံးနိုင်ရပ်ကွက်တွင် တည်ဆောက်လျက်ရှိပြီး ယခုအခါ မြို့ပြလုပ်ငန်းများ ၄၂ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြို့တော်ခန်းမ(ကျောက်ဆည်) တည်ဆောက်ရေးစီမံကိန်းမှ ကျောက်ဆည်တက္ကသိုလ်သို့ ရောက်ရှိကြရာ ဒုတိယပါမောက္ခချုပ် ဦးမျိုးတင့်ဆွေနှင့် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများက ကြိုဆိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကျောက်ဆည်တက္ကသိုလ်၏ လေးထပ်ပင်မဆောင် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ရွှေနန်းသစ် ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးမြင့်ဟန်က ရှင်းလင်းပြသသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် သုံးထပ်ဆောင် တစ်ဆောင်နှင့် နှစ်ထပ်ဆောင်ရှစ်ဆောင် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို လည်းကောင်း၊ e-Education Learning Centreနှင့် Computer Training Centre တို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ပင်မလေးထပ်ဆောင် မြေညီထပ် ရှင်းလင်းခန်းမ၌ ကျောက်ဆည်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးမျိုးတင့်ဆွေက ကျောက်ဆည်တက္ကသိုလ်တွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော ဘာသာရပ်အလိုက် သင်တန်းများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားမှုများ၊ ဆောက်လုပ်ပြီး ကျောင်းဆောင်များနှင့် ကျောင်းဆောင်အလိုက် စာသင်ခန်းများအား အသုံးပြုနေမှုများ၊ သင်ကြား/စီမံ ဝန်ထမ်းရေးရာကိစ္စများကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ စသည့် ရပ်ပိုင်းဆိုင်ရာ အဆောက်အအုံများ ဒေသအလိုက် ပြည့်စုံအောင် တည်ဆောက်ပေးလျက်ရှိကြောင်း၊ သင်ကြားရေးဆိုင်ရာ ဆရာ၊ ဆရာမများ ပြည့်စုံရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့ကြောင့် ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံတော်က ပံ့ပိုးပေးထားသည့် အဆောက်အအုံများ၊ သင်ထောက်ကူပစ္စည်းများကို အပြည့်အဝအသုံးချပြီး မိမိတို့၏ ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ် စာတတ်မြောက်အောင်၊ နိုင်ငံတော်က အားကိုးအားထားပြုရသူများ ဖြစ်လာအောင် သင်ကြားပေးစေလိုကြောင်းဖြင့် ရင်းရင်းနှီးနှီး မှာကြားသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❐

❒ စာမျက်နှာ ၁၂မှ

ကျောက်ဆည်တက္ကသိုလ်ကို ၂၀၀၂ခုနှစ် ဇွန်လမှစ၍ ဖွင့်လှစ်ခဲ့ရာ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

အစိုးရကွန်ပျူတာကောလိပ်

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အစိုးရ ကွန်ပျူတာကောလိပ်(မန္တလေး)သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၅ နောင်တုံ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းစံထွန်းက အစိုးရကွန်ပျူတာကောလိပ် (မန္တလေး)တည်ဆောက်ရေး လုပ်ငန်းများနှင့် တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် အစိုးရ ကွန်ပျူတာကောလိပ် (မန္တလေး) တည်ဆောက်ရေးလုပ်ငန်းများနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

အစိုးရ ကွန်ပျူတာကောလိပ်(မန္တလေး) တည်ဆောက်ရေး လုပ်ငန်းများမှာ ယခုအခါ ၃၈ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။ (သတင်းစဉ်)

ကျောက်ဆည်တက္ကသိုလ်၏ လေးထပ်ပင်မဆောင် ဆောက်လုပ်နေမှုအခြေအနေကို တွေ့ရစဉ်။ (သတင်းစဉ်)

အစိုးရကွန်ပျူတာကောလိပ် (မန္တလေး) တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။ (သတင်းစဉ်)

ကွန်ပရက်ဆာပန့်များအသုံးပြု၍ ရေပက်ခြင်းမပြုရ

၁။ လေပေါင် ၁၀၀မှ ၁၅၀အထိ အတင်အချ ပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအားပြင်းလွန်း၍ ရေပက်ခံရသူတွင် အသားရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်စိ၊ နားများအား ထိုးမိပါက မျက်လုံး၊ နားကန်းနိုင်ခြင်း အန္တရာယ်ဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များအသုံးပြု၍ ရေပက်ခြင်းမပြုရန် တားမြစ်ပါသည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ်နံနက် ၀၇:၀၀နာရီမှ ၁၈:၀၀နာရီအတွင်းသာ ရေပက်ကစားကြရန်နှင့် ၁၈:၀၀နာရီနောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်ပါသည်။

၃။ တားမြစ်ချက်အား ဖောက်ဖျက်ပါက ထိရောက်စွာ အရေးယူခံရမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ပြင်ဦးလွင် ဆေးဝါးစက်ရုံသစ်

ဧပြီ ၈ရက်က အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၏ ပြင်ဦးလွင် ဆေးဝါးစက်ရုံသစ်ကို တွေ့ရစဉ်။ (သတင်း–ရွှေဖုံး) (သတင်းစဉ်)

သတိပြုရန်

၁။ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလအတွင်း ယာဉ်မောင်းသူများလိုက်နာရန်–

(က) မူးယစ်သောက်စား ယာဉ်မမောင်းရ။
(ခ) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင် မမောင်းရ၊ လုမမောင်းရ။
(ဂ) မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
(ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(င) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များတပ်ဆင်ခြင်း လုံးဝမပြုရ။
(စ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍မောင်းနှင်ခြင်း မပြုရ။
(ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဝီးတက်)မပါဘဲ မမောင်းရ။
(ဇ) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
(ဈ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။
(ည) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

၂။ ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

၃။ "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန်မည်စ်နွမ်းပါစေနှင့်"

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၁–၄–၂၀၀၄ (တနင်္ဂနွေနေ့)

၁၃၆၅ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၇ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ ကပ်တဲလ်ကြိုးတံတား
၈:၂၀ ၈။ ခါသင်္ကြန်အဆိုအကများ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Say it in English .
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ ခါသင်္ကြန်အဆိုအကများ
၁၁:၂၅ ၃။ နဂါးရေလှောင်တမံ
၁၁:၄၀ ၄။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၅၅ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ နက်ရှိုင်းမေတ္တာ(အပိုင်း–၃၂)**
၁၂:၃၀ ၆။ **ဖွံ့ဖြိုးသာယာပါဒကြီးကျေးရွာ**
၁၂:၄၀ ၇။ **မြန်မာဗီဒီယိုဇာတ်လမ်း နှစ်ထောင့်တစ်ရဲ့ပိတောက်ပွင့် (ရာဇာနေဝင်း၊ မင်းအုပ်စိုး၊ ကြည်လဲ့လဲ့ဦး) (ဒါရိုက်တာ–ဝင်းထွန်းထွန်း)**
၂:၃၀ ၈။ ဖြူးချောင်းတံတား
၂:၄၅ ၉။ International News.
၃:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ရက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၅:၀၀ ၅။ ခါသင်္ကြန်အဆိုအကများ
၅:၁၅ ၆။ တောင်းဆုပြည့်စုံ မြတ်ဘုရားရွှေတိဂုံ (အပိုင်း–၁)
၅:၃၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၃၀ ၈။ ညနေခင်းသတင်း
၇:၀၀ ၉။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ နှင်းပွင့် (အပိုင်း–၃)**
၇:၃၀ ၁၁။ ခါသင်္ကြန်အဆိုအကများ
၇:၄၅ ၁၂။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **မြန်မာဗီဒီယိုဇာတ်လမ်း သင်္ကြန်ရေစိုပါစေ (အပိုင်း–၂) (ဝေဠုကျော်၊ မျိုးစန္ဒီကျော်၊ ခိုင်နှင်းဝေ) [ဒါရိုက်တာ–မောင်နီလွင်(သပြု)]**
၁၇။ နောက်တစ်နေ့အစီအစဉ်
၁၈။ အစီအစဉ်ပြီး၏။

မီးကြွင်းမီးကျန် မရှိရန်
ကျင့်ကြံသတိ အမြဲရှိ

ရန်ကုန်တပ်နယ် သစ်ပင်ပျိုးပွဲတော် ကျင်းပ
အပင်စုစုပေါင်း ခြောက်သောင်းကျော် ပျိုးထောင်သွားမည်

ရန်ကုန် ဧပြီ ၁၀

ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ၂၀၀၄ခုနှစ် ရန်ကုန်တပ်နယ် သစ်ပင်ပျိုးပွဲတော် အခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် တောင်ဥက္ကလာပမြို့နယ် နယ်မြေခံတပ်ရင်း၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဒေသစိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးထားသည့် သစ်ပင်များရှင်သန်အောင် အလေးထားဆောင်ရွက်ရမည်။ သစ်ပင်စိုက်ပျိုးသည့်ကာလများတွင် ဒေသစိမ်းလန်းရေးကို အထောက်အကူပြုသည့် သစ်ပင်များသာမက စီးပွားရေးကို အထောက်အကူပြုသည့် အပင်များကိုလည်း စိုက်ပျိုးသွားရန်လိုကြောင်း ဖြင့်ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အမှတ်(၄) စစ်ဒေသမှူးနှင့် ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်က ရန်ကုန်တပ်နယ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များတွင် ယခုနှစ် သစ်ပင်ပျိုးပွဲတော်ကာလ၌ သစ်ပင်များ ပျိုးထောင်မည့် အခြေအနေများနှင့် သစ်ပင်စိုက်ပျိုးရာသီတွင် စိုက်ပျိုးနိုင်ရေးစီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများသည် ရန်ကုန်တပ်နယ် ပျိုးဥယျာဉ်အတွင်း သစ်ဆိမ့်၊ ကျွန်း၊ ပျဉ်းကတိုးနှင့် ခရေ၊ သစ်စေ့များနှင့် ကျွန်း၊ ပျဉ်းကတိုး၊ မအူ၊ ခရေနှင့် ပျဉ်းမ ပျိုးပင်ပေါက်များကို ပျိုးအိတ်များအတွင်း စိုက်ပျိုးပေးသည်။

ယင်းနောက် ရန်ကုန်တပ်နယ် သစ်ပင်ပျိုးပွဲတော် အထိမ်းအမှတ်အဖြစ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ကျွန်းပင်ကို စိုက်ပျိုးပေးပြီး တာဝန်ရှိသူများက မဟော်ဂနီ၊ ခရေ၊ ငါးဆူနှင့် ဆီသပြေပင်များကို အမှတ်တရ စိုက်ပျိုးပေးသည်။

ရန်ကုန်တပ်နယ်အနေဖြင့် ယခုနှစ် သစ်ပင်ပျိုးပွဲတော်တွင် အပင်များ စုစုပေါင်း ၆၄၇၂၄ပင် ပျိုးထောင်သွားမည် ဖြစ်သည်။ (သတင်းစဉ်)

သဲအင်းဂူတိုက်ခွဲ(၅) သင်္ကြန်အထူးအခါ်ဌာန် တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၁၀

ဒဂုံမြို့သစ်မြောက်ပိုင်း(၁၆)ရပ်ကွက်၊ သာသနာဒီပဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက် သဲအင်းဂူတိုက်ခွဲ (၅)တွင် သင်္ကြန်အထူးအဓိဋ္ဌာန် ခြောက်ရက်တရားစခန်းကို သင်္ကြန်အကြိုနေ့မှ နှစ်ဆန်းတစ်ရက်နေ့အထိ မူလသဲအင်းဂူ ဆရာတော်ကြီး၏ နည်းနိဿယအတိုင်း မော်ဘီမြို့(ပင်မ) သဲအင်းဂူဆရာတော် ဘဒ္ဒန္တဝိလာသ အမှူးပြုသော ကမ္မဋ္ဌာနာစရိယ ဆရာတော်များက ခန္ဓာဉာဏ်ရောက် ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။(က-ပ)

မဟာစည်သာသနာ့ရိပ်သာကြီး၏ တရားစခန်းနှင့်တရားပွဲများ

ရန်ကုန် ဧပြီ ၁၀

ရန်ကုန်မြို့ အမှတ်(၁၆) သာသနာ့ရိပ်သာလမ်း ဗဟန်းမြို့နယ်ရှိ မဟာစည်သာသနာ့ရိပ်သာကြီးတွင် ၁၃၆၅ခုနှစ် (သင်္ကြန်အကြိုနေ့)မှ စတင်၍ နှစ်ဆန်းတစ်ရက်နေ့အထိ မဟာစည်နာယကဆရာတော်များက ဝိပဿနာတရားပြသပြီး တရားပွဲများကို မွန်းလွဲ ၁ နာရီခွဲမှ ၃ နာရီအထိ ဟောကြားတော်မူမည်ဖြစ်ရာ ဧပြီ ၁၂ရက် (သင်္ကြန်အကြိုနေ့)တွင် မုဒုံဆရာတော်၊ ၁၃ရက် (အကျနေ့)တွင် မြန်အောင်ဆရာတော်၊ ၁၄ရက် (အကြတ်နေ့)တွင် မြစ်သားဆရာတော်၊ ၁၅ရက် (အကြတ်နေ့)တွင် ကျောက်ပန်းတောင်း ဆရာတော်၊ ၁၆ရက် (အတက်နေ့)တွင် ပုသိမ်ဆရာတော်၊ ၁၇ရက် (နှစ်ဆန်းတစ်ရက်နေ့)တွင် ဦးသုရိယဆရာတော်တို့ဖြစ်သည်။ (က-ပ)

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဗီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဗီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အရျင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

ပြင်ဦးလွင် ဗဟိုမီးသတ်သင်တန်းကျောင်း ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် စစ်ဆေး

ရန်ကုန် ဧပြီ ၁၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၇ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း ပြင်ဦးလွင် ဗဟိုမီးသတ်သင်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းအတွင်း စိုက်ပျိုးထားရှိမှု၊ သဘာဝရေထွက်မှ ဆင့်ကဲ ရေတင်စနစ်ဖြင့် ရေလုံလောက်စွာ ရရှိရေး ကြိုးပမ်းဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းပေး

ဒုတိယဝန်ကြီးသည် ဧပြီ ၈ရက် နံနက်ပိုင်းတွင် အသက်ကယ်ပညာရပ်လေ့ကျင့်မှု၊ ကျောင်းမော်တော်ယာဉ်ဌာနနှင့် မွေးမြူရေးဆောင်ရွက်ထားရှိမှု၊ ဓါးပင်ကြီး မူလတန်းကြိုကျောင်းနှင့် အိမ်တွင်းမှုသက်မွေးပညာသင်ကျောင်းတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ဒုတိယဝန်ကြီးသည် ဧပြီ ၉ရက် နံနက်ပိုင်းတွင် ကျောင်းအတွင်း ဖွင့်လှစ်သင်ကြားလျက်ရှိသော သင်တန်းလေးခုမှ သင်တန်းသားများအား မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးအတွက် ပို့ချဆွေးနွေးခဲ့သည်။ (သတင်းစဉ်)

လက်ခံယူ

မတ် ၃၁ ရက်က အမှတ် (၁၄/B) ခတ္တာလမ်း စမ်းချောင်းမြို့နယ်နေ မောင်သိန်းဇော်ထက်-မတင်ဥကြည်တို့က မင်္ဂလာဦး အလှူအဖြစ် ဓီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင်တို့အတွက် အလှူတော်ငွေ ကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့- အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာ ဦးအောင်ခင် လက်ခံယူစဉ်။ (က-ပ)

ပို့ဆောင်ရေးဝန်ကြီးဌာန စတုတ္ထအကြိမ် စုပေါင်းရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၁၀

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေနှင့် ဇနီး ဒေါ်စန်းစန်းမြင့်တို့အား အမှူးထား၍ ပို့ဆောင်ရေးဝန်ကြီးဌာန၏ စတုတ္ထအကြိမ် စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာ၌ ကျင်းပရာ ဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးများ၊ အထူးအရာရှိနှင့် ဌာနအကြီးအကဲများ၊ ဝန်ထမ်းမိသားစုများက သိမ်ဝင်သံဃာတော်များနှင့် ဒုလ္လဘရဟန်းများအား သိမ်ဆင်းလောင်းလှူကြသည်။

ဆက်လက်၍ ရေကြောင်းပညာသိပ္ပံ အရာရှိလောင်းများ စားရိပ်သာ၌ တရားတော်နာ ရေစက်ချ အမျှပေးဝေခြင်းနှင့် ဆွမ်းဆက်ကပ်ခြင်း အခမ်းအနားကိုကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂုဏောသန ဆရာတော်ကြီးအမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ကြပြီး ဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးများ၊ ဌာနအကြီးအကဲများနှင့်ဇနီးများ၊ အလှူရှင်မိသားစုများ တက်ရောက်ကြည်ညိုကြသည်။

တရားတော်ချီးမြှင့်

ရှေးဦးစွာနိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂုဏောသန ဆရာတော်ကြီးထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များချီးမြှင့်သည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဝန်ကြီး၏ဇနီး၊ ဒုတိယဝန်ကြီးနှင့် ဌာနအကြီးအကဲများ၏ ဇနီးများက သီလရှင်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသ ဆရာတော်က အနုမောဒနာတရား ချီးမြှင့်ပြီး ပရိသတ်များက ရေစက်သွန်းချအမျှပေးဝေကာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ယနေ့ကျင်းပသော အလှူမင်္ဂလာပွဲတွင် ရဟန်း ၅၆ပါးနှင့် ရှင်သာမဏေ ၁၂ပါးတို့ဖြစ်သည်။ (သတင်းစဉ်)

ဂွမြို့နယ် ဆပ်သွားအလယ်ရွာ ပရိယတ္တိပါရဂူစာသင်တိုက် ပဓာနနာယကဆရာတော်၏ ဂုဏာဝီသိဋ္ဌပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၁၀

ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့နယ် ဆပ်သွားအလယ်ရွာ ပရိယတ္တိပါရဂူစာသင်တိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂန္ဓမာနန္ဒအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၁/၂၀၀၄ဖြင့် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့ရာ ဘွဲ့တံဆိပ်တော်ရဆရာတော်အား တပည့်ဒါယကာ၊ ဒါယိကာမများက မေ ၆ရက်တွင် ထပ်ဆင့်ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို ဂွမြို့နယ် ဆပ်သွားအလယ်ရွာ ပရိယတ္တိပါရဂူကျောင်းတိုက်၌ ကျင်းပပူဇော်မည်ဖြစ်၍ တပည့်ဒါယကာ၊ ဒါယိကာမများ ကြွရောက်ကြည်ညိုကြရန် နှိုးဆော်ထားသည်။ (သတင်းစဉ်)

နယ်စပ်ဒေသမှ တိုင်းရင်းသား ၁၀၈ဦး ရဟန်းခံရှင်ပြု

ရန်ကုန် ဧပြီ ၁၀

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ရွှေခင်းသာလမ်းမကြီးဘေးရှိ နတ်မောက်ပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးသင်ပညာရေး အလယ်တန်းကျောင်း အမှတ် (၁)၏ (၁၁)ကြိမ်မြောက် ရှင် ၁၀၈ပါးနှင့် ရဟန်းလောင်းများအား သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ပွဲအခမ်းအနားကို ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုသလဆရာတော်က ဦးဆောင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ယင်းအလှူတော်ပွဲကို ယမန်နေ့ညနေပိုင်းတွင် ရဟန်းလောင်းများ၊ ရှင်သာမဏေလောင်းများအား ရှင်လောင်းလှည့်လည်ပြီး သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်သည်။

ယနေ့နံနက်ပိုင်းတွင် ရဟန်းလောင်းများအား ရဟန်းဘောင်သို့ချီးမြှင့်ပြီး ဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကုသလအား ဒေါ်ကျင်အိန်မိသားစုက သိက္ခာထပ်မင်္ဂလာ ကျင်းပသည်။ ဆက်လက်၍ သိမ်ဆင်းသံဃာတော်များအား အလှူရှင်များက သိမ်ဆင်းလောင်းလှူကြသည်။

ဆက်လက်၍ အလှူငွေပေးအပ်ပွဲကျင်းပ ရာ ဦးမောင်အေး-ဒေါ်တင်တင်ဝင်း မိသားစုက ရှင် ၁၀၈ပါးအတွက် အလှူငွေ ကျပ် ၁၀သိန်းကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အောင်စကြာမိုးကုတ်ကျောင်း ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝိမလဗုဒ္ဓိက သာဓုအနုမောဒနာတရား ဟောကြားတော်မူပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁-၄-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ မြန်မာသင်္ကြန်
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ **ဆရာတော်ဦးဃောသိတတရားတော် “ရုပ်နာမ်ခွဲသည်ကိုရမှတ်ခွဲ”**
၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မြန်မာသင်္ကြန်
၄:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၄:၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် - Economic Activities (အိမ်တွင်းစီးပွား၊ ဥပဒေ)
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၃၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ မြန်မာ့ရှုခင်း
၆:၄၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ဉာဏ်ကျယ်လေး” (အပိုင်း-၈)**
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး” (ဒုတိယတွဲ) အပိုင်း(၆)**
၁၈။ သင့်အတွက်မနက်ဖြန်
၁၉။ အပိတ်နှုတ်ဆက်စကား
၂၀။ ပြီးပါပြီ။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ခုနှစ်၊ ဧပြီလအတွက်
(၁၁-၄-၂၀၀၄)ရက်နေ့
နှင့်
(၂၅-၄-၂၀၀၄)ရက်နေ့

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေသဘင်ပွဲတော်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ- သတင်းထောက်သန်းဆွေ(ပန်းဘဲတန်း)

ပိတောက်ရွှေရည်
ငုဝါစီတန်း
စိန်ပန်း၊ ပျဉ်းမ
ပွင့်ကြပန်းအလီလီ
သည်လ သည်ရာသီ။ ။

မိဿရာသီ တန်ခူးလသည်ကား နှစ်ဟောင်းကုန်မြောက် နှစ်သစ်သို့ မင်္ဂလာအပေါင်းခြံရံလျက် ကူးပြောင်းလာသော မင်္ဂလာတော်အခါမြတ် ဖြစ်ပေသည်။ သည်လ၊ သည်ရာသီတွင် ပန်းပိတောက်တို့သည် မြပုရစ်ဖူးတို့ဖြင့် သင်္ကြန်မိုးကို ကြိုလင့်လျက်ရှိသည်။

မြန်မာလူမျိုးတို့သည် ရှေးဟောင်းရိုးရာဓလေ့ ယဉ်ကျေးမှုအမွေအနှစ်များကို အလွန်ထိန်းသိမ်း၊ အလွန်တန်ဖိုးထားသော လူမျိုးများဖြစ်ကြသည်။ နှစ်ပေါင်းမြောက်မြားစွာကတည်းက ရိုးရာအစဉ်အလာနှင့်အညီ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့်ကာလတွင် နှစ်ဟောင်းမှာ အမှတ်မထင် ပြုမိခဲ့သည့် အမှားအယွင်းများ၊ မကောင်းမှုများကို သီတာရေစင်ဖြင့် ဆေးကြောသန့်စင်ပြီး ကောင်းမှုကုသိုလ်များကို စိတ်သစ်၊ လူသစ်၊ အားမာန်သစ်တို့ဖြင့် နှစ်သစ်ကူးပွဲတော်ကို ခြိမ့်ခြိမ့်သဲသဲ ကြိုဆိုလိုက်သော အခါသမယဖြစ်ချေသည်။

နှစ်စဉ် သင်္ကြန်ပွဲတော်ကို မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၁၃၆၅ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်ပွဲတော် ကျင်းပရေးကော်မတီသို့ စာရေးသူရောက်ခဲ့ပြီး ယခုနှစ် သင်္ကြန်ပွဲတော် တွင် ဆောင်ရွက်မည့် အစီအစဉ်များကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။ မြို့တော်သူ၊ မြို့တော်သားများ နှစ်သက်မည့် အစီအစဉ်များ ပါဝင်နေသည့်အတွက်လည်း ၁၃၆၅ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်ပွဲတော်သို့ မရောက်ရောက်အောင် သွားရောက်ကြည့်ရှုရင်း ကြည်နူးနိုင်စေရန် တင်ပြလိုက်ရပါသည်။

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ဆုပေးမဏ္ဍပ်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အသင်းအဖွဲ့များမှာ အိုးစည်ပြိုင်ပွဲ၊ ဒိုးပတ်ပြိုင်ပွဲ၊ ယိမ်းပြိုင်ပွဲများနှင့်အတူ အလှပြယာဉ်များပါ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အိုးစည်ပြိုင်ပွဲတွင် လေးဖွဲ့၊ ဒိုးပတ်ပြိုင်ပွဲတွင် လေးဖွဲ့၊ ၁၂ဦးယိမ်း မူလတန်းကြိုကျောင်း ကလေးငယ်များ ယိမ်းပြိုင်ပွဲတွင် ၁၀ဖွဲ့၊ ၁၂ဦးယိမ်း ရုံးဌာနပြိုင်ပွဲတွင် လေးဖွဲ့၊ ၁၆ဦးယိမ်း ရုံးဌာနပြိုင်ပွဲများတွင် သုံးဖွဲ့၊ ၁၂ဦးယိမ်း ကျောင်းများပြိုင်ပွဲတွင် ငါးဖွဲ့၊ ၁၆ ဦးယိမ်း ကျောင်းများပြိုင်ပွဲတွင် ငါးဖွဲ့၊ ၁၂ဦးယိမ်း အခြားအဖွဲ့အစည်းများပြိုင်ပွဲတွင် ငါးဖွဲ့၊ ၁၆ဦးယိမ်း အခြားအဖွဲ့အစည်းပြိုင်ပွဲများတွင် ခုနစ်ဖွဲ့ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း သင်္ကြန်ပရိသတ်အကြိုက် ဖျော်ဖြေတင်ဆက်ခဲ့သည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကလည်း ယခင်ယခင်နှစ်များကထက် သာလွန်ကောင်းမွန်သည့် အစီအစဉ်များဖြင့် ပရိသတ် တဝါးဝါး၊ တဟားဟား ရယ်မောရွှင်မြူးစေမည့် “သည်အရွယ် မမတို့အရွယ်”၊ “ခြေမများတဲ့ အမေများအဖွဲ့”တို့ဖြင့် တင်ဆက်ဖျော်ဖြေသွားမည်ဟု သိရှိရသည်။

ထိုနည်းတူစွာပင် မျက်စိပသာဒ ရှုမငြီးစရာအပြည့် ခြယ်သထားသည့် အလှပြယာဉ် ခုနစ်စီးကလည်း မြန်မာ့ရိုးရာ အပြင်အဆင်များဖြင့် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ထူးထူးခြားခြား ယခုနှစ်သင်္ကြန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့က အနုပညာရှင် ၄၅ဦး ပါဝင်သည့် တိုင်တရုတ်ယဉ်ကျေးမှုအဖွဲ့ကလည်း မြန်မာ့သင်္ကြန်အမီ အချိန်ကိုက် ရောက်ရှိလာပြီး ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်မှာ ဖျော်ဖြေတင်ဆက်မည်ဟု သိရသည်။

ကူမင်းမြို့ တိုင်တရုတ်ယဉ်ကျေးမှုအဖွဲ့က ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်မှာ ဖျော်ဖြေရင်း ရေကစားမှာဖြစ်သကဲ့သို့ မြန်မာ့သင်္ကြန် အခါသမယမှာပင် အာဆီယံညွန့်ကြားရေးမှူးချုပ် ဦးစီးသည့် အဖွဲ့ဝင်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၂၃နိုင်ငံက ဧည့်သည်တော်များကလည်း ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်မှာ ရေကစားရင်း မြန်မာ့နှစ်သစ်ကို နွေးထွေးစွာ အတာရေနှင့်ကြိုဆိုပေးမည့် မင်္ဂလာသတင်းလည်းကြားသိရသည်။

ဧပြီ ၉ ရက်က ၁၃၆၅ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ပွဲတော်အတွက် တည်ဆောက်နေသော ဖျော်ဖြေရေးမဏ္ဍပ် ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။

ဖျော်ဖြေမှုအစီအစဉ်များနှင့်ပတ်သက်၍ သိရှိရသည်မှာ ဧပြီ ၁၂ ရက် သင်္ကြန်အကြိုနေ့ ၁၃၆၅ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့တော်ဝန်က ညနေ ၅နာရီတွင် ဖွင့်လှစ်ပေးပြီး ကျောင်းပေါင်းစုံမှ ကျောင်းသူကလေးများက အကဖြင့် ဖျော်ဖြေမည်။ ည ၇ နာရီမှ ၁၀နာရီအထိ အလှပြယာဉ်များက ပြိုင်ပွဲဝင်ကြမှာဖြစ်ပါသည်။

ဧပြီ ၁၃ ရက် သင်္ကြန်အကျနေ့ နံနက် ၈ နာရီမှ ၁၁ နာရီ၊ မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိ ပြိုင်ပွဲဝင်ယိမ်းများဖြင့် ဖျော်ဖြေပါမည်။ ညနေ ၆ နာရီမှ ၇ နာရီအထိ ယိမ်းများပြိုင်ပွဲဝင်ကြပါမည်။ ည ၇ နာရီခွဲမှစတင်ပြီး မြန်မာသံစစ်စစ် ဂန္ဓဝင်တေးသံရှင်များ၏ အဆိုအကဖြင့် ခံစားဖျော်ဖြေပွဲကို တင်ဆက်ပါမည်။ ဂန္ဓဝင် တေးသံရှင်များဖြစ်သည့် အဆိုတော် ဦးမောင်မောင်ကြီး၊ ဦးမင်းနောင်၊ ဦးချစ်ဆွေ၊ ဒေါ်ထား၊ ဒေါ်တင်တင်မြ၊ ဒေါ်ချိုပြုံး၊ ဒေါ်ရီရီသန့်၊ ဒေါ်ခင်ညွန့်ရည်နှင့် အခြားအဆိုပညာရှင်ကြီးများ ပါဝင်မှာဖြစ်သည်။

အထက်ပါ ဂန္ဓဝင်တေးသံရှင်များ ဖျော်ဖြေနေသည့်ကြားတွင် ကြည်သာပွဲကြိုက်ခင်၏ အထူးအစီအစဉ်တစ်ရပ်ဖြင့် ကြားပေါက် အရွှန်း၊ အဖောက်၊ အနောက်ကလေးများ တန်ဆာဆင်ယင် တင်ဆက်သူများအဖြစ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရသူများနှင့် ဖျော်ဖြေပါမည်။ ကြည်သာပွဲကြိုက်ခင်က သူ့မှု သူ့ဟန်အတိုင်း မရိုးနိုင်သော ဖျော်ဖြေမှု အပြည့်အဝ ပေးပါမည်။ ဂန္ဓဝင်တေးသံရှင်များ အစီအစဉ်သည် ယခုနှစ်မှစတင်သည့် အစီအစဉ်ဖြစ်သကဲ့သို့ ထူးထူးခြားခြား စီစဉ်ထားသည့်အတွက် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ပရိသတ် နှစ်သက်စွဲလမ်းမည်ဟု ထင်ပါသည်။

ဧပြီ ၁၄ရက် ပထမသင်္ကြန်အကြတ်နေ့တွင် နံနက် ၈ နာရီမှ ၁၁ နာရီ၊ မွန်းလွဲ ၂နာရီမှ ၅နာရီအထိ ယိမ်းအဖွဲ့များဖြင့် ဖျော်ဖြေပြီး ညနေ ၆ နာရီမှ ၇ နာရီအထိ ယိမ်းအဖွဲ့များ ပြိုင်ပွဲဝင်ပါမည်။ ဆက်တိုက်ပင် ယိမ်းပြိုင်ပွဲအပြီး ချစ်ငယ်ဒဿနအဖွဲ့၏ ဆင်အက၊ ကျားအကဖြင့် နာရီဝက်ဖျော်ဖြေပါမည်။ အထက်ပါ ဆင်အက၊ ကျားအကကို ရန်ကုန်ပရိသတ် မြင်တောင့်မြင်ရခဲသော ဖျော်ဖြေတင်ဆက်မှု ဖြစ်ပါသည်။ အဆိုပါ ဆင်အက၊ ကျားအကကို ရန်ကုန်မြို့တော်ဝန်၏ အထူးအစီအစဉ်တစ်ရပ်အဖြစ် ထည့်သွင်းထားကြောင်း သိရသည်။

ည ၇ နာရီခွဲမှ ည ၁၀ နာရီအထိ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဖော်ဆောင်သည့် မင်းသမီးသန္တာလင်း ဦးဆောင်သည့် အငြိမ့်သဘင်နှင့် ဖျော်ဖြေတင်ဆက်ပါမည်။ အငြိမ့်သဘင်တင်ဆက်နေသည့် နှစ်နာရီခွဲအချိန်အတွင်း မင်းသမီးသန္တာလင်း ဦးဆောင်သည့် မင်းသမီးများက မြန်မာ့ယဉ်ကျေးမှု အဆို၊ အကများဖြင့် ရသစုံလင် တင်ဆက်သွားမှာဖြစ်သကဲ့သို့ ယနေ့နာမည်ကျော် ပရိသတ်အသည်းစွဲ လူရွှင်တော်ကြီးများကလည်း ဟာဒယရွှင်ဆေး တိုက်ကျွေးမည်ဖြစ်သဖြင့် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ပရိသတ် တဝါးဝါး တဟားဟားနှင့် မျက်ရည်ကျသည်အထိ ခံစားရမည့် အငြိမ့်ပွဲအစီအစဉ်ဖြစ်ပါသည်။

ဧပြီ ၁၅ ရက် ဒုတိယအကြတ်နေ့တွင် နံနက် ၈ နာရီမှ ၁၁ နာရီ၊ မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိ ယိမ်းအဖွဲ့အသီးသီးဖြင့် ဖျော်ဖြေသွားမည်ဖြစ်သကဲ့သို့ ညနေ ၆ နာရီမှ ည ၇ နာရီအထိ ယိမ်းများပြိုင်ပွဲ ဝင်မှာဖြစ်ပါသည်။

ည ၇ နာရီမှ ည ၁၀ နာရီအထိ ရန်ကုန်မြို့တော်တွင် လူကြိုက်များလှသည့် City FM အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှု အထူးအစီအစဉ်ဖြစ်ပါသည်။ City FM အနုပညာရှင်များမှာ ရုပ်ရှင်နှင့် ဂီတမှ အနုပညာရှင်များ ဖြစ်ကြပါသည်။ အထက်ပါဖျော်ဖြေခန်းက ဇန်နဝါရီ ၁ ရက်က City FM နှစ်ပတ်လည်နေ့က လုပ်ခဲ့သည့်ပုံစံ အစီအစဉ်အတိုင်း ဖြစ်ပါသည်။

အစီအစဉ်တွင် စုံတွဲသီချင်းများပါဝင်ပါသည်။ အမျိုးသားအဆိုတော်နှင့် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် မင်းသမီးစုံတွဲ၊ အမျိုးသား ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်နှင့် အမျိုးသမီးအဆိုတော်စုံတွဲ စသဖြင့်အတွဲလိုက် ပွဲထုတ်သီဆိုလိုက်၊ ဟန်အမူအရာဖြင့် သရုပ်ဖော်လိုက်ခြင်းဖြင့် ၁၃၆၅ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ပွဲတော်လာပရိသတ် နှစ်သက်စွဲလမ်းမှာ သေချာပါသည်။

ဧပြီ ၁၆ ရက် သင်္ကြန်အတက်နေ့မှာ နံနက် ၈ နာရီမှ ၁၁ နာရီအထိ ယိမ်းအဖွဲ့များ ဖျော်ဖြေခြင်း၊ မွန်းလွဲ၂ နာရီမှ ညနေ ၄ နာရီအထိ ယိမ်းအဖွဲ့များ ဖျော်ဖြေခြင်းနှင့် ညနေ ၅ နာရီမှ ၆ နာရီအထိ ပိတ်ပွဲ အခမ်းအနား ကျင်းပမှာဖြစ်ပါသည်။ ည ၇ နာရီမှ ၁၀ နာရီအထိ ဆုပေးပွဲအခမ်းအနားနှင့် ဆုရရှိသောယိမ်းများနှင့် အလှပြယာဉ်များမှ ဖျော်ဖြေတင်ဆက်မှုအစီအစဉ်များ ဖြစ်ပါသည်။

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ငွေသားဆု ချီးမြှင့်မည့်အစီအစဉ်မှာ ၁၂ ဦး ကလေးများယိမ်း၊ ၁၂ ဦးယိမ်း၊ ဌာန၊ ကျောင်း၊ အခြားအဖွဲ့အစည်းများ၊ ၁၆ဦးယိမ်း ဌာန၊ ကျောင်း၊ အခြားအဖွဲ့အစည်းများ ပထမဆုကျပ်နှစ်သိန်း၊ ဒုတိယဆုကျပ် တစ်သိန်းခွဲ၊ တတိယဆု ကျပ်တစ်သိန်း၊ အက၊ အလှပြယာဉ်ဆု ပထမကျပ်ငါးသိန်း၊ ဒုတိယကျပ် လေးသိန်း၊ တတိယကျပ် သုံးသိန်း၊ အိုးစည်ဆု၊ ဒိုးပတ်ဆု ပထမ ကျပ်နှစ်သိန်း၊ ဒုတိယဆုကျပ် တစ်သိန်းခွဲ၊ တတိယဆု ကျပ်တစ်သိန်း ချီးမြှင့်မည်ဖြစ်ကြောင်း သိရှိရပါသည်။

သင်္ကြန်ရေကစားမည့် မဏ္ဍပ်များမှာ ယခင်နှစ်က မဏ္ဍပ်ပေါင်း ၃၄၂ ခုရှိခဲ့ပြီး ယခုနှစ် ဧပြီ ၈ ရက်နေ့မှာပင် မဏ္ဍပ် ၄၄၇ ခု ရှိနေပြီဖြစ်၍ ယခုနှစ် ရေပက်မဏ္ဍပ် ပိုမိုများပြားလာမည်ဖြစ်သည်။ ထို့အပြင် မဏ္ဍပ်များ ဆောက်လုပ်ခွင့်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က ဧပြီ ၁၀ ရက်နေ့အထိ ထုတ်ပေးမည်ဟု သိရှိရသည်။ အထူးသဖြင့် မြို့သစ်များဖြစ်သည့် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရွှေပြည်သာ၊ လှိုင်သာယာမြို့နယ်များကလည်း အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)တွင် မဏ္ဍပ်များ ဆောက်လုပ်ခွင့်များ တောင်းခံကြကြောင်း သိရှိရသည်။

၁၃၆၅ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကြီးကို ပျော်ရွှင်စွာဆင်နွှဲကြပြီး နှစ်သစ်တွင် လူသစ်၊ စိတ်သစ်တို့ဖြင့် နိုင်ငံတော်ကြီးဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးရလေအောင် ကျရာကဏ္ဍမှ ပါဝင်ပူးပေါင်း ဆောင်ရွက်ကြရန်နှင့် မေတ္တာရေပက်ဖျန်းကာ အတာသဘင်ကို ဆင်နွှဲနိုင်ကြပါစေကြောင်းဖြင့် ဆုတောင်းလိုက်ရပါသည်။ ။

၁၃၆၅ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ဆုပေးမဏ္ဍပ်တွင် ပါဝင်ယှဉ်ပြိုင်မည့် တောင်ဥက္ကလာပ မူလတန်းကြိုကျောင်း ၁၂ဦး ယိမ်းအဖွဲ့မှ ချစ်စရာ့အရွယ် ကလေးငယ်များ၏ ကကြိုးကဟန်။

ရွှေမန်းနှစ်ထပ် ကျောင်းတော်သစ်ကြီး ရေစက်ချလှူဒါန်း

ရန်ကုန် ဧပြီ ၁၀

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ရွှေမန်းနှစ်ထပ်ကျောင်းတော်သစ်ကြီး ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကို ၁၃၆၅ခု နှောင်းတန်ခူးလပြည့်နေ့ (ဧပြီ ၄ရက်)နံနက် ၈နာရီက အဆိုပါ ကျောင်းတိုက် မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု၊ အောင်မြေဘုံစံကျောင်း ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ၊ ရွှေမန်းကျောင်း ဆရာတော် ဘဒ္ဒန္တ ကုသလနှင့် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး အလှူရှင်များ ဖြစ်ကြသော ဦးစိုင်းဘုန်းထူး–ဒေါ်ဖြူဖြူညွန့် (စိုင်းဘုန်းထူး ဗီဒီယို၊ ဓာတ်ပုံ)၊ ဒေါက်တာဆန်းဝင်း၊ ဒေါ်စမ်းစမ်းမေ၊ ဦးမျိုးမြင့်အောင်၊ ဒေါ်ကြည်လှိုင်၊ ဦးကျော်ထွန်းနှင့် အစ်မဒေါ်စန်းစန်းနွဲ့ (မိုးသီး အထူးကုဆေးခန်းနှင့် မိုးသီး သောက်ရေသန့်)၊ ဦးမောင်ကြီး၊ ဒေါ်တင်တင်အုန်းတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျပ်သိန်းငါးရာ တန်ဖိုးရှိ နှစ်ထပ်ကျောင်းတော်သစ်ကြီးကို ဦးစိုင်းဘုန်းထူး–ဒေါ်ဖြူဖြူညွန့်နှင့် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ လွင်မိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

(အပေါ်ယာပုံ) (က–ပ)

အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲအတွက် လူငယ်ဘော်လီဘော လူရွေးပြိုင်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၀

၂၀၀၄ခုနှစ် ဇူလိုင်လတွင် ဖိလစ်ပိုင်နိုင်ငံ၌ကျင်းပမည့် (၁၃)ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်အမျိုးသားဘော်လီဘောပြိုင်ပွဲအတွက် မြန်မာလူငယ် အမျိုးသားဘော်လီဘော လူရွေးပြိုင်ပွဲကို ဧပြီ ၆ရက်က ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် လေ့ကျင့်ရေးရုံ၌ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပရာ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးအောင်ကြည်နှင့် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး(အား/ကာသိပ္ပံ–ရန်ကုန်) ကျောင်းအုပ်ကြီး ဦးမောင်ဝင်း၊ အထွေထွေ အတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးသိန်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ပဏာမရွေးချယ်

လူရွေးပြိုင်ပွဲတွင် ပဏာမလူငယ်များပါဝင်သော အေအသင်း၊ ဘီအသင်းနှင့် စီအသင်း သုံးသင်း ခွဲပြီးယှဉ်ပြိုင်ကစားကြကာ အလားအလာရှိသော လူငယ်ဘော်လီဘော အားကစားသမား ၁၆ဦးကို ပဏာမ လက်ရွေးစင်များအဖြစ်ရွေးချယ်လိုက်သည်။

(သတင်းစဉ်)

မြန်မာ့ယဉ်ကျေးမှုသက်ြန်

* အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
* သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည် ဂက်စ်ဘူးဖြင့် ကစားက

၁။ လက်ဝယ်တွေ့သူ ထောင်(၁)နှစ်
၂။ ကစားသူ ထောင်(၃)နှစ်
၃။ ထုတ်လုပ်ရောင်းချသူ ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

သတိ

ရန်ကုန်မြို့တော်အတွင်း ဟွန်းမတီးရ

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ

အမည်ပြောင်းခြင်း

ဗိုလ်မှူးခင်မောင်ငြိမ်း၏ သမီး မြစ်ကြီးနားမြို့ အထက(၃)နဝမတန်း(က)မှ မစုပြည့်စုံ [၁/မကန(နိုင်)၁၂၀၇၉၀]အား ယနေ့မှစ၍ မစုပြည့်စုံဖြိုးဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မစုပြည့်စုံဖြိုး။**

RUBY Car Rental
725317, 650823

REAL JOY
HIACE, TOWNACE, MINI BUS,
09-50-18349,
294069, 202678

☎ 380183

09-50-12803, 662565

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ နိုင်ငံကူးလက်မှတ် အမှတ်(၄၇၄၆၄၈) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

ဦးသန့်ဇော်ဦး ဖုန်း:(၆၄၁၇၄၉)။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးစံရွှေအောင် (ဘ) ဦးတိုးသိန်းဦး၏ စက်ခန်းအုပ် လက်မှတ် စမဒ ၅၄/၈၀ မြင်းကောင်ရေ ၂၂၆ကောင် မောင်းလိုင်စင် ပျောက်ဆုံးသွားပါ၍ ပြန်လည်ပေးပို့ပါရန်။ **ဖုန်း–၀၉–၉၉၂၇၆၅၄။**

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ကြော်ငြာစာအမှတ် - ၁၅/၂၀၀၄ (၂၀၀၄ခုနှစ်၊ ဧပြီလ ၆ရက်) လျှောက်လွှာခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာများအလိုရှိပါသည်-

ရာထူး	ပညာအရည်အချင်း	လစ်လပ်
ဦးစီးအရာရှိ	သိပ္ပံဘွဲ့(ဓာတုဗေဒ/ရူပဗေဒ/သင်္ချာ/ဘူမိဗေဒ)(သို့မဟုတ်)စီးပွားရေးပညာဘွဲ့(စာရင်းအင်း)(သို့မဟုတ်)စိုက်ပျိုးရေးပညာဘွဲ့/စိုက်ပျိုးရေးသိပ္ပံဘွဲ့(သို့မဟုတ်)ကွန်ပျူတာသိပ္ပံဘွဲ့ (သို့မဟုတ်)ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနတွင်လက်ရှိတာဝန်ထမ်းဆောင်နေသူများဖြစ်ပါက တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် အခြေခံမြေစာရင်း သင်တန်းတက်ရောက်အောင်မြင်ပြီးသူဖြစ်ရမည်။	၂၇နေရာ

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၅-၅-၂၀၀၄နေ့တွင် အသက်၃၅နှစ်(ဝန်ထမ်းဖြစ်ပါက အသက်၄၀နှစ်) ထက်မကျော်လွန်သူအမျိုးသားဖြစ်ရမည်။

(ဂ) ကျန်းမာသန်စွမ်း၍ ကန်တော်ကြီးသုံးပတ်ခြေကျင်လျှောက်နိုင်ပြီး မျက်စိအမြင်ကောင်းသူဖြစ်ရမည်။

(ရွေးချယ်ခြင်းမခံရမီ ခြေကျင်လျှောက်နိုင်ခြင်း ရှိ-မရှိနှင့် မျက်စိအမြင်ကောင်းခြင်းရှိ-မရှိစစ်ဆေးမည်ဖြစ်သည်။)

(ဃ) လုပ်ငန်းခွင် မြေတိုင်းတာခြင်းနှင့် အခြေခံမြေစာရင်းသင်တန်းတက်ရောက်အောင်မြင်ပြီးကြောင်း လိုအပ်သောလျှောက်ထားသူများသည်သက်ဆိုင်ရာဌာနအကြီးအကဲ၏ ထောက်ခံချက်ကို လျှောက်လွှာတွင် ပူးတွဲတင်ပြရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၅-၅-၂၀၀၄နေ့ အရောက်ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ်-၁/၉၁ ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။

၅။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစာစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသောစာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး** ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၅-၅-၂၀၀၄နေ့အရောက် ပေးပို့ရမည်။ လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၂၉-၅-၂၀၀၄နေ့နှင့် ၃၀-၅-၂၀၀၄နေ့များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပမည်။ ၂၇-၅-၂၀၀၄နေ့မှစ၍ မန္တလေးတိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ပြည်နယ်/တိုင်း၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ပြည်နယ်/တိုင်း၊ မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးများတွင်ဖြစ်စေ၊ ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်(၃၇၈၁၆၃)သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ကျွန်တော်ကိုရဲတင့် [၁၂/ကခက(နိုင်)၀၀၃၃၁၃]နှင့် မသန္တာ[၁၂/အစန(နိုင်)၀၈၅၈၉၈]တို့သည် ၂၉-၃-၂၀၀၄နေ့တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကိုရဲတင့်။

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ကျွန်တော်၊ ကျွန်မတို့အား ၂၁-၁-၂၀၀၄ရက်နေ့တွင် လက်မှတ်ရေးထိုးလက်ထပ်ပေးခဲ့သော ရန်ကုန်တိုင်းတရားသူကြီး ဦးထွန်းရှင်နှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ၁၁-၂-၂၀၀၄ရက်နေ့ ရန်ကုန်မြို့၊ မဟာစည်ရိပ်သာ "ဓမ္မသာလာမဏ္ဍပ်"၌ ကျင်းပခဲ့သော မင်္ဂလာဆွမ်းကျွေးပွဲ၊ ၂၈-၂-၂၀၀၄ရက်နေ့ ဝမ်းတွင်းမြို့ "တိုးနယား" ခန်းမ၌ ကျင်းပခဲ့သော မင်္ဂလာဧည့်ခံပွဲနှင့် ၎င်းနေ့ "ကံ့ကော်ချည်ထည်လုပ်ငန်း)မိသားစု ခြံဝင်းအတွင်း ကျင်းပခဲ့သော ညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဌာနဆိုင်ရာအကြီးအကဲများ၊ လုပ်ငန်းရှင်ကြီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများ၊ (Music Boy)တီးဝိုင်းအဖွဲ့သားများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

မောင်တင်အောင်နိုင်(ခ)မော်မော် B.Sc Phy

မအိန္ဒြာကျော်(ခ)Pin Ky (3rd Year Law)

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်) ကြေညာချက်

၁။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ (ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)နှင့် ဂျပန်နိုင်ငံ၊ တိုကျိုမြို့ TOPA 21st Century Language Schoolတို့ ပူးပေါင်း၍ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ဂျပန်ဘာသာစကား (Basic Course) အထူးသင်တန်းအမှတ်စဉ် (၂၀)ကို ဖွင့်လှစ်ပါမည်။

(က) ဂျပန်နိုင်ငံ၊ တိုကျိုမြို့၊ TOPA 21st Century Language School မှ လာရောက်ပို့ချမည်။

(ခ) အချိန်ပြည့်သင်တန်း ရက်သတ္တ(၁၀)ပတ် နာရီပေါင်း ၂၀၀ နာရီ

(ဂ) ၂၀၀၄ခုနှစ် မေလ(၁၀)ရက်နေ့ ဖွင့်လှစ်မည်။

(ဃ) အခြေခံပညာအထက်တန်းစာမေးပွဲကို (က)အဆင့်ဖြင့် အောင်မြင်သူများ (သို့မဟုတ်) တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူများ လျှောက်ထားနိုင်သည်။

၂။ အသေးစိတ်ကို ရုံးချိန်အတွင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန (ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)တွင် စုံစမ်းနိုင်ပါသည်။

ဖုန်း-၅၁၄၃၇၁ လိုင်းခွဲ - ၁၂၃

ရေပက်ခံဦးထုပ်များ အခမဲ့ပေးပြီ

ရွှေဂုန်/မြို့မရပ်ရှင်ရုံမိသားစု ရေကစားမဏ္ဍပ်မှ ရေလာရောက်ကစားသည့် ရေပက်ခံကားများအား ရေပက်ခံဦးထုပ်များ အခမဲ့ပေးပြီ။

တည်နေရာ - ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်(၃၆)လမ်းထောင့်၊

ကျောက်တံတားမြို့နယ်၊ ရွှေဂုန်/မြို့မ ရုပ်ရှင်ရုံ။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သားဖြစ်သူ မောင်ချမ်းမြေ့စိုးဝင်း[၁၀/မလမ(နိုင်)၁၅၄၇၃၆]သည် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိမိသဘောအလျှောက် နေအိမ်မှဆင်းသွားပါသဖြင့် ၆-၄-၂၀၀၄ရက်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။၎င်းနှင့်ပတ်သက်သောမည်သည့်ကိစ္စအဝဝမျိုးကိုမဆို မိဘများမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်းကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

မိဘများ ဦးစိုးဝင်း

[၁၀/မလမ(နိုင်)၁၀၀၆၂၄]

ဒေါ်မြင့်မြင့်အုန်း

[၁၀/မလမ(နိုင်) ၀၄၉၃၆၂]

အမည်ပြောင်းခြင်း

အလက(၄)၊ မရမ်းကုန်း၊ သတ္တမတန်း(A)မှ အဘ ဦးခွားထန်၏သားဖြစ်သူ မောင်ဒါဝိတ်ထောဝုန်အား ယနေ့မှစ၍ မောင်ဒေးဗစ်ထောမ်းဟုပြောင်းလဲခေါ်ပါရန်။

မောင်ဒေးဗစ်ထောမ်း။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်၅ခ/၃၄၂၇ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ ရန်ကုန်တိုင်း။**

လေလံတင်ရောင်းချရန်ကြော်ငြာ

၁။ ၂၈-၃-၂၀၀၄ရက်နေ့ထုတ် သတင်းစာများတွင် ဖော်ပြပါရှိသော စီမံကိန်းဝင်တံတားနှင့်သာမန်တံတားများအနက် မကွေးတိုင်းအတွင်းရှိ အောက်အမည်ပါတံတားများအား တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း(၃)နှစ်လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင်ကို အောက်ပါအစီအစဉ်အတိုင်း လေလံတင်ရောင်းချမည်ဖြစ်ပါသည်-

(၁)(က)မကွေးတိုင်း၊ မကွေးခရိုင်နှင့်သရက်ခရိုင်အတွင်းရှိ လေလံတင်မည့်တံတားများ-

စဉ်	ခရိုင်	မြို့နယ်	တံတားအမည်
၁။	မကွေး	ချောက်	အနော်ရထာတံတား(စီမံကိန်းဝင်)
၂။	မကွေး	ရေနံချောင်း	ပင်းချောင်းတံတား(သာမန်)
၃။	မကွေး	မကွေး	ယင်းချောင်းတံတား(သာမန်)
၄။	မကွေး	တောင်တွင်းကြီး	ကုက္ကိုခွတံတား(သာမန်)
၅။	သရက်	ဆင်ပေါင်ဝဲ	ကိုးပင်တံတား(သာမန်)
၆။	သရက်	အောင်လံ	ဘွက်ကြီးတံတား(သာမန်)
၇။	သရက်	မင်းတုန်း	ကန်လည်တံတား(သာမန်)

(ခ) လေလံပွဲကျင်းပမည့်နေ့ရက် - (၂၆-၄-၂၀၀၄) (တနင်္လာနေ့)

(ဂ) လေလံပွဲကျင်းပမည့်အချိန် - နံနက်(၈း၀၀)နာရီ

(ဃ) လေလံပွဲကျင်းပမည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မကွေးမြို့။

(၂)(က) မကွေးတိုင်း၊ မင်းဘူးခရိုင်နှင့်ပခုက္ကူခရိုင်အတွင်းရှိ လေလံတင်မည့်တံတားများ-

စဉ်	ခရိုင်	မြို့နယ်	တံတားအမည်
၁။	မင်းဘူး	မင်းဘူး	ဧရာဝတီ(မကွေး)တံတား(စီမံကိန်းဝင်)
၂။	မင်းဘူး	မင်းဘူး	မန်းချောင်းတံတား(သာမန်)
၃။	မင်းဘူး	ပွင့်ဖြူ	မုန်းချောင်းတံတား(သာမန်)
၄။	မင်းဘူး	စလင်း	နွယ်တမယ်တံတား(သာမန်)
၅။	ပခုက္ကူ	ဆိပ်ဖြူ	ယောချောင်းတံတား(သာမန်)

(ခ) လေလံပွဲကျင်းပမည့်နေ့ရက် - (၂၇-၄-၂၀၀၄)(အင်္ဂါနေ့)

(ဂ) လေလံပွဲကျင်းပမည့်အချိန် - နံနက်(၈း၀၀)နာရီ

(ဃ) လေလံပွဲကျင်းပမည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မင်းဘူးမြို့။

၂။ လေလံယှဉ်ပြိုင်လိုသူများသည် လေလံဝယ်ယူခွင့်တောင်းခံလွှာပုံစံနှင့်လေလံစည်းကမ်းချက်များကို (၁၂-၄-၂၀၀၄)နေ့မှစ၍ ရုံးချိန်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားတည်ရှိရာခရိုင်/မြို့နယ်များတွင် ဝယ်ယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

လေလံကော်မတီ

မကွေးတိုင်း။

တံတားဖြတ်သန်းခလေလံကြော်ငြာ

၁။ ပဲခူးတိုင်းအတွင်းရှိ အောက်ဖော်ပြပါ တံတားများအား ၂၀၀၄ခုနှစ် ဧပြီလ ၂၂ရက် (၀၉း၀၀)နာရီအချိန် ပဲခူးမြို့၊ ဥသာမြို့သစ်၊ သီရိဥသာခန်းမတွင် ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။

(က) နဝဒေးတံတား	(စ) ကျွန်းကလေးတံတား
(ခ) ခပေါင်းတံတား	(ဆ) ရဲနွယ်တံတား
(ဂ) ကောလိယတံတား	(ဇ) သူရဲတန်းတံတား
(ဃ) ကွင်းချောင်းတံတား	(ဈ) စစ်တောင်းတံတား(ရွှေကျင်)
(င) ဖြူးချောင်းတံတား	

၂။ စိတ်ပါဝင်စားသူများ လေလံနှင့်ပတ်သက်၍ လေလံစည်းကမ်းချက် အသေးစိတ်အား ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး တောင်ငူမြို့နှင့် ပဲခူးမြို့တို့တွင် ကြည့်ရှုနိုင်ကြောင်း ကြေညာအပ်ပါသည်။

တံတားဖြတ်သန်းခလေလံရောင်းချရေးကော်မတီ။

အမည်ပြောင်းခြင်း

ဦးမြင့်ဝင်း [၂/ဖဆန(နိုင်)၀၀၆၀၇၂]၏သား အထက(၁) ကျောက်ဖြူ သတ္တမတန်း(B)မှ မောင်မိုးမင်းဖြိုးအား မောင်မျိုးမင်းသန့်ဟု ပြောင်းလဲခေါ်ပေးပါရန်။

မောင်မျိုးမင်းသန့်။

အမည်ပြောင်းခြင်း

ဦးသာတင်၏သမီး ဒဂုံတက္ကသိုလ် (တတိယနှစ်) (ဥပဒေ) မမို့မို့စန္ဒာထွန်းအား ယနေ့မှစ၍ မနန်းအဥ္စလီဝင်းဟု ပြောင်းလဲခေါ်ပေးပါရန်။

ဝမ်းနည်းကြေကွဲခြင်း

ဦးဇော်ဦးဟန် (ပြည်နယ်မန်နေဂျာဆက်သွယ်ရေး၊ ကျိုင်းတုံ)-ဒေါ်မေထိုက်အောင်တို့၏ဖခင် ဗိုလ်မှူးညွန့်ဟန် (ငြိမ်း)သည် ၆-၄-၂၀၀၄ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **Allure Resort Hotel မိသားစု၊ တာချီလိတ်မြို့။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ဃ/၄၇၅၉၅ လက်ဝယ် ရှိသူမှ အမည်ပြောင်းခွင့် ဆက်လက်မှတ်ပုံတင်ခွင့် လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုသူများသည် (၁၅)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး၊ မိတ္ထီလာမြို့။

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ရက်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

[illegible]

ကျေးဇူးတင်ရှိခြင်း ဦးခင်မောင်ဖြူ(၆၃)နှစ်

I.L.B.C (သင်္ချာဌာန)

အထက(၁) ဒဂုံ (အငြိမ်းစား)

၅-၄-၂၀၀၄နေ့တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားသော ဆရာဦးခင်မောင်ဖြူ နာမကျန်းဖြစ်စဉ်ကာလမှစ၍ ကွယ်လွန်ပြီးချိန်အထိ အစစအရာရာ လိုလေသေးမရှိ စိတ်ရောကိုယ်ပါ ကူညီပေးသော I.L.B.C မှ အုပ်ချုပ်မှု ဒါရိုက်တာ ဦးတင်မောင်ဝင်း၊ ကျောင်းအုပ်ဆရာမကြီး Daw Betty၊ ဌာနမှူး၊ ဆရာဝန်များ၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများအားလုံး၊ အထက(၁)ဒဂုံမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသူ/သားဟောင်းများ၊ ဗိုလ်တထောင်ရိုးမဘဏ်မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလုံး၊ အိပ်မက်စိမ်း စားသောက်ဆိုင်နှင့် လိုက်ပါပို့ဆောင်ပေးသော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးတို့ကို ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

TOYO Battery

ရင်ခုန်နှုန်းသစ်မှာ မိတ်ဟောင်းဆွေသစ်များကို

ပျော်ရွှင်ချမ်းမြေ့စေမှာ Hello ! TOYO ပါ။

ကျန်းမာပျော်ရွှင် ဝင်ငွေတိုးမည့် နှစ်သစ်မင်္ဂလာဖြစ်ပါစေကြောင်း TOYO မိသားစုမှ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

BINARY KNOWLEDGE COMPUTER CENTRE PROFESSIONAL COURSES

- Office XP Course
- Database Course
- DTP Course (Desktop Publishing)
- Graphics Course
- Auto CAD Course
- Programming Course
- Computerized Accounting Course
- A + Hardware Course
- Network + Course
- IT Engineering & Fundamental
- Computer Knowledge for kids
- Multimedia Course

အမှတ်(၈၂)ပထမထပ်၊ (၂၇)လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၉ ၅၀၀ ၂၆၄၇။

တရုတ်ဘာသာစကားအရည်အချင်းစစ်စာမေးပွဲ (HSK)

တရုတ်ပြည် နိုင်ငံတော် တရုတ်ဘာသာစကား အရည်အချင်းစစ်ကော်မတီ The State Commission of Chinese Proficiency Test) မှ ကမကထပြုကြီးမှူး၍ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးတို့ ပူးပေါင်းစီစဉ် ကျင်းပမည်။

စာမေးပွဲကျင်းပမည့်ရက်	-	၂၀၀၄ခုနှစ် မေလ(၁၅)ရက်(စနေနေ့)
ကျင်းပမည့်နေရာ	-	ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
လျှောက်လွှာတင်ရက်	-	၂၀၀၄ခုနှစ် ဧပြီလ(၆)ရက်မှ ၂၀၀၄ခုနှစ် ဧပြီလ(၃၀)ရက်နေ့အထိ
လျှောက်လွှာရရှိနိုင်သည့်နေရာ	-	ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
စစ်ဆေးမည့်အစီအစဉ်	-	အဆင့်(၃)ဆင့်အနက် မိမိဖြေဆိုလိုရာ အဆင့်ကို ဖြေနိုင်ပါသည်။

အသေးစိတ်ကို အမှတ်(၁၁၉-၁၃၁)တက္ကသိုလ်ရိပ်သာလမ်း ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် တယ်လီဖုန်း ၀၁-၅၁၃၁၉၈နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် တယ်လီဖုန်း ၀၂-၃၂၃၃၀တွင် စုံစမ်းနိုင်ပါသည်။

စာမေးပွဲဖြေဆိုကြမည့်သူများအတွက် HSK Guide Books နှင့် Tape များကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ ယဉ်ကျေးမှုသံမှူးရုံး၊ အမှတ်(၉၄)၊ ခရေပင်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်နှင့် မန္တလေးမြို့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံး၊ ရတနာလမ်းသွယ်၊ ရန်ကြီးအောင်လမ်း၊ ၃၅လမ်း(၆၅လမ်းနှင့်၆၆လမ်းကြား)မန္တလေးမြို့တွင် ဝယ်ယူရရှိနိုင်ပါသည်။

GUARDIAN MONTHLY MAGAZINE

Guardian Magazine ... Grammar ... C.T.O ...

ဝမ်းနည်းကြေကွဲခြင်း

နယူးလိုက်(ဖ်)ဖောင်ဒေးရှင်းမိဘမဲ့ ကလေးစောင့်ရှောက်ရေးဂေဟာ (New Life Foundation Orphanage Centre)၏ ဥက္ကဋ္ဌ မိဘမဲ့ကလေးများ၏ ချစ်လှစွာသောဖခင်ကြီး ကျောင်းအမှုဆောင်ကော်မတီနှင့် အမှုဆောင်ဖော်၊ အမှုဆောင်ဖက်ဖြစ်သော သိက္ခာတော်ရ ဆရာတော်ကြီး ဦးအယ်(လ်)ဇော်လှိုင်(ခ)ဦးအယ်(လ်)ဇော်ဖန်သည် ၂-၄-၂၀၀၄ရက် (သောကြာနေ့) နံနက် ၉:၃၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

နယူးလိုက်(ဖ်)ဖောင်ဒေးရှင်း မိသားစုနှင့်ကော်မတီ။

ရွှေထူးလွင် ဘုရားဖူးပို့ဆောင်ရေး

Ph: 254688, 723898, 377921.

အများသိစေရန်ကြေညာချက်

ဒဂုံမြို့သစ်မြောက်ပိုင်း(၄၁)တိုးချဲ့ရပ်ကွက်၊ ဦးဝိစာရလမ်းရှိ မဟာမြိုင်ဝန်ထမ်းအိမ်ရာမှ အောက်ဖော်ပြပါအခန်းအား တိုက်ခန်းပိုင်ရှင်မှ တိုက်ခန်းလွှဲပြောင်းလွှာမူရင်း ပျောက်ဆုံး၍ အသစ်ပြန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကုမ္ပဏီမှ မူရင်းအား ပြန်ထုတ်ပေးမည်ဖြစ်ပါသည်။ သို့ပါ၍ သက်ဆိုင်သူများ ကန့်ကွက်လိုပါက (၁၅)ရက်အတွင်း ကုမ္ပဏီသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

စဉ်	အခန်းအမှတ်	လျှောက်ထားသူအမည်	မှတ်ပုံတင်အမှတ်
၁။	04 D4	ဒေါ်သီတာဝင်းအောင်	[၁၄/ကလန(နိုင်)၀၀၀၅၉၈]

တော်ဝင်မိသားစုကုမ္ပဏီ-အမှတ်(၃၅၅)၊ ဦးဝိစာရလမ်း၊ စမ်းချောင်းမြို့နယ်။

ကျေးဇူးတင်ရှိခြင်း

ပွဲစား ဦးသော်တာထွန်း

အောင်ဆုမွန်ပွဲရုံ၊ မုံရွာမြို့

ဦးသော်တာထွန်း ဆေးရုံတက်စဉ်က လိုလေသေးမရှိအောင် အထူးဂရုစိုက်ကုသပေးခဲ့ကြသော နန်းတော်ဆေးခန်းမှ ခွဲစိတ်ကုဆရာဝန်ကြီး၊ ဆီးချိုအထူးကုဆရာဝန်ကြီးနှင့် ဆရာဝန်၊ ဆရာမ၊ ဝန်ထမ်းများအားလုံးကိုလည်းကောင်း၊ ရန်ကုန်မြို့မှ ကူညီအားပေးကုသပေးသော ရင်ခေါင်းပိုင်းဆိုင်ရာခွဲစိတ်အထူးကုဆရာဝန်ကြီးနှင့်ဇနီး၊ မုံရွာမြို့ဆေးရုံကြီးမှ ဆရာဝန်ကြီးအားလည်းကောင်း၊ ဈာပနကိစ္စတွင် ဖုန်း၊ ကြေးနန်းတို့ဖြင့်အားပေးနှစ်သိမ့်ကြသော ရပ်ဝေးရပ်နီး မိတ်သင်္ဂဟများနှင့် ဈာပနသို့လိုက်ပါပို့ဆောင်ကြသော မုံရွာမြို့ ကုန်စည်ဒိုင်မှ ကုန်သည်ပွဲစားများ၊ စက်ပိုင်များ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျန်ရစ်သူမိသားစုမှ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု၊ အောင်ဆုမွန်ပွဲရုံ။

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးချုပ်အေးမြင့်ကြူ (ဒုတိယဝန်ကြီး ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန)-ဒေါ်ခင်ဆွေမြင့်(ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန)တို့၏ကျေးဇူးရှင် မွေးသမိခင် ဒေါ်အေးမြင့် အသက်(၈၀)နှစ်သည် ၈-၄-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကိုအောင်မျိုးမင်းဒင်၊ မအေးအေးမြင့်

Adventure Myanmar Travels & Tours Co.,Ltd.မိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ကိုဇော်ဝင်းထွန်း-မစန်းနွယ်အေး(မေသူ)၏ကျေးဇူးရှင်ဖခင် ဦးသိန်းအောင် အသက်(၆၈)နှစ်သည် ၄-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Adventure Myanmar Travels & Tours Co.,Ltd.မိသားစု။

လွမ်းဆွတ်သတိရခြင်း

Fu Mu, Jie Jie မိသားစုနှင့် ခွဲခွာ သွားခဲ့သည်မှာ နှစ်၊ လ၊ ရက်တွေ ကြာညောင်းခဲ့သော်လည်း လွမ်းဆွတ် သတိရလျက်ပါ။

ကျန်ရစ်သူမိသားစု။

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီ အတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၄၅၆၄၅။

ဝမ်းနည်းကြေကွဲခြင်း

တိုင်းရင်းသားခရစ်ယာန်အသင်းတော် (National Christian Church)၏ ဥက္ကဋ္ဌ(စတင်သူ)၊ အဖသင်းအုပ်ကြီးဖြစ်သော သိက္ခာတော်ရဆရာတော်ကြီး ဦးအယ်(လ်)ဇော်လှိုင်(ခ)ဦးအယ်(လ်)ဇော်ဖန်သည် ၂-၄-၂၀၀၄(သောကြာနေ့) နံနက် ၉:၃၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **တိုင်းရင်းသားခရစ်ယာန် အသင်းတော်အသင်းသူ၊ အသင်းသားများ။**

ဝမ်းနည်းကြေကွဲခြင်း

ဦးခင်မောင်ဖြူ (၆၃)နှစ် (ILBC)

၅-၄-၂၀၀၄နေ့တွင် ဆရာဦးခင်မောင်ဖြူ ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆရာ/ဆရာမများ ILBC သချာအဖွဲ့။

PACIFIC DIGITAL PHOTO SERVICE

၏

မဟာသင်္ကြန်အတွက် အထူးအစီအစဉ်

ဖလင် (၃) လိပ် ကူးလျှင် ဖလင်အသစ် (၁)လိပ် လက်ဆောင်ပေးမည်။

ရိုးရိုး PC 50/- ကျပ် (4" x 6")70/-ကျပ်

Digital PC 65/- ကျပ် (4" x 6") 85/- ကျပ်

အထူးအစီအစဉ်ဖြင့် Digital Camera မှ (4" x 6") တစ်ပုံလျှင် (100/-)ကျပ်

3rd April 2004 မှ 30th April 2004

(၁) အမှတ် - ...၊ ရန်ကုန်မြို့။ ☎ ...

(၂) အမှတ် - ...၊ ရန်ကုန်မြို့။

(၃) အမှတ် - ...၊ ရန်ကုန်မြို့။

NPE

စာပေမြတ်နိုးသူများအတွက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်

- မေတ္တာမြို့လွှမ်း ဧဒေချမ်းသာယာ ပြည်မြန်မာနှင့်အခြားဆောင်းပါးများ
- ဘုရားစေတီလိုက်နာသွားဆိုနှင့် အခြားကဗျာများ
- မြန်မာ့ဦးစွန်း-မြန်မာ့ဓော်ကွန်း
- သမိုင်းတွင် သမိုင်းတင်မည့် ချစ်ကြည်ရေးခရီးမှတ်တမ်းများ(မြန်မာ-အင်္ဂလိပ်)
- ဒေါ်စုကြည် အင်န်အယ်ဒီပါတီနှင့် ကျွန်တော်တို့၏မျှော်လင့်ချက်ရောင်နီ (မြန်မာ-အင်္ဂလိပ်)
- မှန်နန်းရာဇဝင် (၁+၃+တတွဲ)
- ပြည်ထောင်စုအရေးမျှော်တွေးလို့ မြစ်ဝေချင်းနှင့် အခြားဆောင်းပါးများ
- တပ်မတော်သမိုင်း (အတွဲ ၁မှ ၈)အထိ
- ဓာတ်တော်ကြီး ၁၀ ဆူ (မြန်မာ-အင်္ဂလိပ်)
- ပုဂံညောင်ဦးဒေသရှိ ရှေးဟောင်းစေတီပုထိုးများ (မြန်မာ-အင်္ဂလိပ်)
- မြန်မာပြည်ရှိ ရှေးဟောင်းဘုရားစေတီပုထိုးများ (မြန်မာ-အင်္ဂလိပ်)
- ငါးရာငါးဆယ် ဇာတ်တော်(အကျဉ်း) (၁+၃) (မြန်မာ-အင်္ဂလိပ်)
- ရခိုင်ပြည်နယ်ဝေါ်လေးရပ်ရှိ ရှေးဟောင်းစေတီပုထိုးများ (မြန်မာ-အင်္ဂလိပ်)
- သိထားရမည့် အင်္ဂလိပ်စာလုံးတွဲများ အင်္ဂလိပ်ဝါကျတည်ဆောက်ပုံများ
- ဇီရတ်စစ်မြေပြင်၊ မငြိမ်းချမ်းသောဇီရတ်စစ်မြေပြင်
- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝတ်ရွတ်စဉ်
- အမေရိကကို ထုစော့သာကြောင်ပုံစံ နှင့် စာပေဟောင်းမျိုးပေါင်း ၁၀၀၀ ကျော်ကိုတစ်စုတစ်စည်းတည်း ဝယ်ယူရရှိနိုင်ပါပြီ။

(လက်ကျန် အနည်းငယ်သာကျန်ရှိပါသဖြင့် အမြန်ဝယ်မှ စိတ်ချရမည်ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါသည်။)

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင် (၂၁၂) သိမ်ဖြူလမ်း ရန်ကုန်မြို့။ ☎ ၂၉၄၄၀၆

အများသိစေရန်ကြေညာချက်

[illegible]

စဉ်	အမည်	မှတ်ပုံတင်အမှတ်	...	...
၁	[illegible]	MYGN - [illegible]	[illegible]	[illegible]
၂	[illegible]	PBC - [illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	MTA - [illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	LPN - [illegible]	[illegible]	[illegible]
၇	[illegible]	DDN - [illegible]	[illegible]	[illegible]
၈	[illegible]	PME - [illegible]	[illegible]	[illegible]
၉	[illegible]	DDN - [illegible]	[illegible]	[illegible]

[illegible]

ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ဘားအံမြို့
တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း သုံးနှစ်လုပ်ပိုင်ခွင့်လုပ်ငန်းလိုင်စင်

လေလံတင်ရောင်းချရန်ကြော်ငြာ

ကရင်ပြည်နယ်အတွင်းရှိ လက်ရှိတံတားအသုံးပြုခကောက်ခံနေသော နိုင်ငံတော်ပိုင်တံတားသုံးစင်း၏ ၂၀၀၄-၂၀၀၅ ခုနှစ်မှ ၂၀၀၆-၂၀၀၇ ခုနှစ်အထိ တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း သုံးနှစ်လုပ်ပိုင်ခွင့်လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က) လေလံတင်ရောင်းချမည့်တံတားများ
 (၁) သံလွင်တံတား(ဘားအံ)
 (၂) ဂျိုင်း(ကော့ကရိတ်တံတား)
 (၃) ဒုံသမိတံတား(ဘားအံ)
(ခ) လေလံလျှောက်လွှာဝယ်ယူရရှိနိုင်သည့်နေရာ
 ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၊
 ဖုန်း-၂၁၁၈၂/၂၁၀၈၃
(ဂ) လေလံလျှောက်လွှာတင်သွင်းရမည့်နေရာ
 ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
(ဃ) လေလံလျှောက်လွှာ စတင်ရောင်းချမည့်နေ့၊ အချိန်
 ၁၉-၄-၂၀၀၄ (တနင်္လာနေ့) နံနက်(၁၀)နာရီ
(င) လေလံလျှောက်လွှာပိတ်မည့်နေ့၊ အချိန်
 ၂၆-၄-၂၀၀၄ (တနင်္လာနေ့) ညနေ(၄)နာရီ
(စ) လေလံတင်ရောင်းချမည့်ရက်၊ အချိန်
 ၂၇-၄-၂၀၀၄ (အင်္ဂါနေ့) နံနက်(၁၀)နာရီ
(ဆ) လေလံတင်ရောင်းချမည့်နေရာ
 ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ဘားအံမြို့

မှတ်ချက်။ ။လေလံဆွဲဝယ်ယူခွင့်လျှောက်လွှာနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူ၍ ရုံးချိန်အတွင်း တင်သွင်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ကရင်ပြည်နယ်တံတားများ အသုံးပြုခွင့်လိုင်စင် လေလံတင်ရောင်းချရေး ကြီးကြပ်အဖွဲ့
ဘားအံမြို့။

ဦးဘား (၉၁)နှစ်
(ညောင်လေးပင်)

ညောင်လေးပင်မြို့၊ အမှတ်(၇)၊ မန္တလေးလမ်းနေ ဒေါ်ကျင်တီ၏ ခင်ပွန်း၊ ကျောက်တံခါးမြို့နေ ဦးသိန်းဆွေ-ဒေါ်ချိုချိုတို့၏ အစ်ကို၊ ရန်ကုန်မြို့နေ ကိုမြတ်လွင်-ဒေါ်ခင်ခင်မာ၊ ညောင်လေးပင်မြို့နေ ကိုဆန်းနိုင်-မအေးအေးမြင့်၊ ကိုစိန်လှိုင်-မခင်ချိုမာ၊ တောင်ငူမြို့နေ ကိုသန်းထွေး-မခင်ဖြူမာ၊ မန္တလေးမြို့နေ ဒေါက်တာသန်းကျော် - မခင်အေးမာ၊ မစန်းစန်း၊ ကိုသန်းစိုးတို့၏ မွေးသဖခင်၊ မြေး ၁၃ယောက်တို့၏ အဘိုးသည် ၉-၄-၂၀၀၄ (သောကြာနေ့) ည ၁၀:၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၄-၂၀၀၄ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ညောင်လေးပင်မြို့၊ အမှတ်(၇)၊ မန္တလေးလမ်းနေအိမ်မှ တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးတန်ဘဦး(ခ)ဦးချစ်မောင်
အသက်(၇၈)နှစ်
နန်ဟိုက်(စတိုးနှင့်အလှပြုပြင်ရေး)

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၉)ရပ်ကွက်၊ အင်းစိန်လမ်းမကြီး၊ အမှတ်(၃၁/၂၂)၊ မြေညီထပ်နေ (ဦးတန်လင်က-ဒေါ်ချွဲစော)တို့၏ သား၊ (ဒေါ်ရှုခင်)၏ ခင်ပွန်း၊ဒေါ်တန်ဆိုက် စု(ခ)ဒေါ်ကြူကြူ၊ ဒေါ်တန်ဆိုက်တင် (ခ) ဒေါ်တင်တင်၊ ဒေါ်တန်ရှုအန် (ခ) ဒေါ်ဟန်ဟန်၊ တန်ဆိုက်မင်(ခ)ဒေါ်မြင့်မြင့်၊ တန်ဆိုက်ယန်(ခ)ဒေါ်ယန်ယန်၊ ဦးတန်ခင်ချောင်း(ခ)ဦးစိုင်း-ဒေါ်ပပ၊ ဦးကျော်ဆန်း-တန်ဆိုက်မေ(ခ)ဒေါ်မေဦးတို့၏ ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၀-၄-၂၀၀၄ရက် နံနက် ၆:၂၅နာရီတွင် သုခကမ္ဘာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၂-၄-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၁၀နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ဒါယိကာမကြီး
ဒေါ်သိန်းအေး(ခ)
Lucy Unger
အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မ)ရပ်ကွက်၊ ရှမ်းကုန်းလမ်း၊ အမှတ်(၃၄)၊ (၄လွှာ)နေ (ဦးအန်ဝါး-ဒေါ်သင်)တို့၏ သမီး၊ ဒေါ်နွယ်နွယ်ဦး-ဦးလှဟန်၊ ဒေါ်ရီရီတင့်-ဦးသန့်ဇော်၊ ဦးစိန်ဟန်(ဦးစန္ဒိမာ) တို့၏ မိခင်၊ မောင်ဇာနည် - မမျိုးမြတ်မြတ်မွန်၊ မယမင်းနွယ်(ကွန်ပျူတာတက္ကသိုလ်)၊ မောင်တင့်ထူးအောင်(ဆေးတက္ကသိုလ်)၊ မရည်မွန်သန့်(အထက-၂၊ စမ်းချောင်း)၊ မအိမွန်ဟန်(အထက-၂၊ စမ်းချောင်း) တို့၏ အဘွားသည် ၁၀-၄-၂၀၀၄ရက် နံနက် ၂:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃နာရီတွင် ကွယ်လွန်သူ၏ဆန္ဒအရ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း သိစေအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ အထက်ပါ နေအိမ်၌ ၁၆-၄-၂၀၀၄ (သောကြာနေ့) နံနက် ၇နာရီမှ ၁၀:၃၀နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ထွန်းစုမြတ်မွန်သိန်း(ခ)
Barbie လေး
အသက်(၄)နှစ်

၃၀-၃-၂၀၀၄ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားခဲ့သော သမီးလေး ထွန်းစုမြတ်မွန်သိန်း(ခ) Barbie လေး အား စေတနာအပြည့်ဖြင့် အစွမ်းကုန်ကုသပေးခဲ့သော ရန်ကုန်ကလေးဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်မှ တာဝန်ခံဆရာဝန်ကြီးနှင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမကြီးများ၊ ဝန်ထမ်းများ၊ သွေးလှူဒါန်းပေးသူများ၊ ၁-၄-၂၀၀၄ရက် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ရာသို့ မေတ္တာစေတနာဖြင့် လာရောက်ပို့ဆောင်ကြသူများ၊ အိမ်တိုင်ရာရောက်နှစ်သိမ့်အားပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ရပ်ဝေးရပ်နီးမှ တယ်လီဖုန်း/ကြေးနန်းဖြင့် ဝမ်းနည်းကြောင်း ပြောကြားခဲ့သူများ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများပေးပို့ကြသူများ၊ လိုအပ်သည်များ အဆင်ပြေချောမွေ့အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား ကျေးဇူးတင်ရှိပါကြောင်း။

ထွန်းထွန်း၊ မာလာသိန်းနှင့် ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်းဒါယိကာမကြီး
ဒေါ်ခင်မြင့်
အသက်(၈၄)နှစ်
(မြိတ်)

မြိတ်မြို့၊ အလယ်ကျွန်းရပ်၊ မင်္ဂလာလမ်းနေ (စာတိုက်ဗိုလ်ဦးဖေသင်-ဒေါ်နှင်းမြူ)တို့၏ သမီးကြီး၊ ဦးငွေလှ(အငြိမ်းစားကြယ်ငါးပွင့်)-(ဒေါ်ကျင်စွိ)၊ ဦးစောလှ(အငြိမ်းစားဗဟိုစာရင်းရုံး)-ဒေါ်စုစုကြည်(မွေးမြူရေးလုပ်ငန်းရုံးချုပ်)တို့၏အစ်မကြီး၊ (ဗိုလ်မှူးမြလှိုင်-စာတည်းချုပ်၊ ပေဖူးလွှာမဂ္ဂဇင်း)၏ ဇနီး၊ ဦးမင်းမင်းဆွေ(အထွေထွေအုပ်ချုပ်ရေး၊ ငြိမ်း)-ဒေါ်ဥမ္မာလင်း(ဦးစီးအရာရှိ၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန)တို့၏ ချစ်လှစွာသောကျေးဇူးရှင်မိခင်ကြီး၊ မောင်ကျော်စွာ(တတိယတန်း၊ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း)၏ဘွားဘွားကြီးသည် ၁၀-၄-၂၀၀၄ရက် နံနက် ၂:၅၁နာရီတွင် ရန်ကုန်မြို့ အကယ်ဒမီအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျေးဇူးရှင်မိခင်ကြီး၏ ဂုဏ်ကျေးဇူးအားရည်မှန်းလှူဒါန်းသော ရက်လည်ဆွမ်းကျွေးအလှူတော်အား ၁၆-၄-၂၀၀၄ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ကြွရောက်ပါရန်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ကြိုင်ကြိုင်
အသက်(၈၃)နှစ်
ဘိုကလေးမြို့

ဗိုလ်မှူးရန်အောင်-ဒေါက်တာဒေါ်ပပ(အတွင်းရေးမှူး၊ ကရင်ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ)တို့၏ မိခင်ကြီးသည် ၇-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

ကရင်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်အေးမြင့်
အသက်(၈၀)
(မော်လမြိုင်)

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် ဒေါ်ခင်ဆွေမြင့်(ပါမောက္ခ၊မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)တို့၏ မိခင်ဒေါ်အေးမြင့် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ကိုမောင်မောင်ထွေး၊ ကိုသန်းစိုး
Lai Lai ချောင်းသာကမ်းခြေဟိုတယ်မိသားစု။

ကျေးဇူးတင်ရှိခြင်း
ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးသိန်းအောင်
အသက်(၆၈)နှစ်
မန်နေဂျာ(ငြိမ်း) ကုန်သွယ်/လယ်ယာ

၄-၄-၂၀၀၄ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်ခဲ့သော ဦးသိန်းအောင်၏ ဈာပနကိစ္စအဝဝတွင် အစစအရာရာ ကူညီဆောင်ရွက်ပေးခဲ့ကြသော ပုဂ္ဂိုလ်များ၊ စံပြဆေးရုံကြီးသဃ်နုံကျွန်းမှ ဆရာဝန်၊ ဆရာမများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်မှပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများ၊ ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်မှ ပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများ၊ Myanmar Posco Steel Co., Ltd. မှ ဝန်ထမ်းမိသားစုများ၊ Adventure Myanmar Travels and Tours Co., Ltd. မှ ဝန်ထမ်းမိသားစုများ၊ Dr. Reddy's Lab မှ ဝန်ထမ်းမိသားစုများ၊ လိုက်ပါပို့ဆောင်ကြသောပုဂ္ဂိုလ်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း ရပ်နီးရပ်ဝေးမှ ကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ မေးမြန်းကြသောပုဂ္ဂိုလ်များအား ကျန်ရစ်သူမိသားစုက ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးစောဂျိုးဇက်ရှိန်
အသက်(၆၅)နှစ်
ဆေးနှင့်ဆေးကိရိယာရောင်းဝယ်ရေး (အငြိမ်းစား)

(ဦးအရှိန်-ဒေါ်ခင်)တို့၏ သား၊ ရန်ကုန်မြို့၊ အမှတ်(၁၀၃)၊ မာလာမြိုင်(၃)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်နေ ဒေါ်ရိုစီနာဖိုး၏ ချစ်လှစွာသော ခင်ပွန်း၊ စောထွန်းထွန်းဦး-နော်အေးအေးစိန်၊ စောထွန်းထွန်းလေး-မဝင်းယုယုလှိုင်၊ စောချစ်ပို၊ စောဒိုစိုး-နော်ယဉ်ယဉ်ထွေး၊ နော်ရိဇက်ရှိန်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၉-၄-၂၀၀၄ (သောကြာနေ့) ည ၁၀:၃၂ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၁-၄-၂၀၀၄ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါ နေအိမ်၌ ဘုရားဝတ်ပြုကိုးကွယ်ပြီး ထိန်ပင်ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကြည်အေး
အသက်(၆၀)

သမိုင်းကုန်းနေ (ဦးဖိုးသောင်-ဒေါ်တင်)တို့၏သားထွေး၊(ဦးကျော်ခင်)-ဒေါ်အုန်း၊ (ဒေါ်ညို)၊ ဒေါ်ငွေ၊ ဦးကျော်အေး-(ဒေါ်လှမြင့်)၊ ဦးကြီးလှ-(ဒေါ်ကြည်လေး)တို့၏ ညီ/မောင်၊ ဦးဇော်လွင်-ဒေါ်မြင့်မြင့်စိန်(တာချီလိတ်)၊ တူ၊ တူမရှစ်ယောက်တို့၏ ဦးလေးသည် တိုက်(၂)၊ အခန်း(၁၀၆)၊ ပါရမီအိမ်ရာ၊ လှိုင်မြို့နယ်နေအိမ်၌ ၁၀-၄-၂၀၀၄ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၄-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းဒါယကာကြီး
ဦးသောင်း
အသက်(၈၀)
(ပေါင်းတည်)

ပေါင်းတည်မြို့နေ (ဦးကြာဝါ-ဒေါ်ကြင်ပု)တို့၏ သား၊ ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ အမှတ်(၉)၊ မဟာဗောဂလမ်း၊ တတိယ(ညာ)နေ (ဒေါ်ခင်ညွန့်)၏ ခင်ပွန်း၊ ဒေါ်သန်းသန်းငွေ-ဦးအေးချို၊ ဦးငွေဦး - ဒေါ်အေးအေးမော်၊ ဒေါ်လီလီသောင်း၊ ဦးလှမိုးတို့၏ ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၀-၄-၂၀၀၄(စနေနေ့) မွန်းလွဲ ၁၂:၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၂-၄-၂၀၀၄(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးစိုးကြည် (၅၈)နှစ်
အလင်းရောင်ကားမှန်ဆိုင်-ထောက်ကြန့် (ကြည့်မြင်တိုင်)

(ဦးလှကြည်)-ဒေါ်ပုတို့၏ သား၊ ဦးသိန်းလွင်-(ဒေါ်ကြည်)တို့၏ သားသမက်၊ ဒေါ်လှသောင်း(ပင်စင်ဦးစီးဌာန)၏ အစ်ကို၊ ထောက်ကြန့်ရဲစုတောင်ရပ်ကွက်နေ ဒေါ်စမ်း၏ခင်ပွန်း၊ မောင်မိုးမင်းနိုင်-မခင်မေအောင်၊ မောင်တင်ထွဋ်-မသက်သက်နိုင်၊ မောင်ရဲနိုင်-မအေးသိန်း၊ မောင်မင်းမင်းနိုင်(ဆေးတပ်)၊ မောင်မိုးမင်းနိုင်၊ မသက်သက်မွန်တို့၏ ဖခင် ဦးစိုးကြည်သည် ၁၀-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂-၄-၂၀၀၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သိန်းကြည်
အသက်(၈၇)နှစ်
(ဝါးခယ်မ)

ဝါးခယ်မမြို့၊ မြသိန်းတန်ရပ်ကွက်၊ ဓမ္မပါလလမ်းနေ (ဦးစံမြ)၏ ဇနီး၊ ဦးခင်မောင်ဝင်း-ဒေါ်သန်းသန်းအေး၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ (၅၅)ရပ်ကွက်၊ ရွှေပိတောက်လမ်း၊ (၄၅၁/ခ)နေ ဦးလှမြင့်-ဒေါ်တင်တင်ဝင်းတို့၏ မွေးသမိခင်၊ (ကိုစိုးမိုး)-မဟေး(လ်)ဒါ၊ ကိုအောင်လွင်-မခင်ဖုန်းတို့၏ အဘွား၊ မြေး၁၀ယောက်၊ မြစ် ၁၅ယောက်တို့ ၏ချစ်လှစွာသော ဘွားဘွားကြီးသည် ၉-၄-၂၀၀၄ (သောကြာနေ့) နံနက် ၆နာရီတွင် ဒဂုံတောင်ပိုင်း၊ (၅၅)ရပ်ကွက်နေ ကိုအောင်လွင်-မခင်ဖုန်းတို့၏နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၁-၄-၂၀၀၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကြည်စုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးညွန့်ဝေ
အသက်(၅၂)နှစ်

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊(၄၁)တိုးချဲ့ ရပ်ကွက်၊ စီးပွားကူးသန်းဝန်ထမ်းအိမ်ရာ တိုက်(၂)၊ အခန်း(၂၈)နေ ဦးမြင့်ဖေ-ဒေါ်ခင်စိန်တို့၏ သား၊ ဦး EDအဗတ်-ဒေါ်ကြည်တို့၏ သားသမက်၊ ဒေါ်စန်းစန်းတင့်၏ ချစ်လှစွာသော ခင်ပွန်း၊ မဇာကြည်စိမ့်-မောင်အောင်ကိုလတ်၊ မအေးနန္ဒာဝေ (ခ) ဆုနန္ဒာမောင်၊ မောင်ပြည့်ထက်ပိုင်တို့၏ ဖခင်၊ ဒေါ်ခင်စန်းမြင့်-(ဦးတင်ဝင်း)တို့၏ မောင်၊ ဒေါ်ခင်ပြုံး-ဦးထွန်းနု၊ (မောင်ခင်ရှိန်)-မသီတာ၊ မခင်နှောင်း-မောင်စိုးနိုင်၊ မခင်ဆွေသက်-(မောင်စိုးဝင်း)၊မအေးငြိမ်းဖြိုးတို့၏အစ်ကိုသည် ၁၀-၄-၂၀၀၄ရက် နံနက် ၁၁:၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၄-၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(မြောက်ဒဂုံ နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီ တွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်ဝင်း(ခ)ဦးဆန်နီ
အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အနောက်ရပ်ကွက်၊ အမှတ်(၁၀၁)၊ အနောက်မြို့ပတ်လမ်းနေ (ဦးကျော်သိန်း)-ဒေါ်စိန်မြင့်တို့၏ သား၊ ဦးစောဝင်း-ဒေါ်လှလှဝင်း၊ ဦးလှတင်-ဒေါ်မြင့်မြင့်သိန်း၊ (ဦးမြင့်အောင်)၊ ဒေါ်သိန်းသိန်းမြင့်တို့၏ အစ်ကိုကြီး၊ ဒေါ်သိန်းသိန်းလှ၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုထွန်းအောင်-မမေသူလှိုင်၊ မောင်ဝေမင်းသူတို့၏ မွေးသဖခင်၊ တူ၊ တူမ ရှစ်ယောက်၊ မြေးတစ်ယောက်တို့၏ အဘိုးသည် ၁၀-၄-၂၀၀၄ရက် နံနက် ၈:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၄-၂၀၀၄(တနင်္လာနေ့) မွန်းလွဲ ၁နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီ တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုနေဝင်း
အော်ဖေး(ခ)အန်ကောက်
အသက်(၄၇)နှစ်
ကွမ်းသီးဟိုတယ်(ပုဂံမြို့သစ်)

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၁၇)လမ်း၊ အမှတ်(၇၁)နေ (ဦးမောင်သိုက်)-ဒေါ်နှင်းရီတို့၏ သား၊ ဦးစိုင်းကြာနိုင်-ဒေါ်နန်းသန်းနုတို့၏ သားသမက်၊ ဒေါ်သန်းမြ၊ ဒေါ်ခင်ကြည်၊ ဒေါ်အေးသန်းတို့၏ မောင်၊ မမြင့်မြင့်ကြည်၊ မလှလှဝင်း၊ မကျင်စိန်-လူဘဟန်တို့၏ အစ်ကို၊ ဒေါ်နန်းဥမ္မာခိုင်၏ ခင်ပွန်း၊ မောင်သူရနေဝင်း၏ဖခင်၊ မောင်တင်ဖြိုးဟိဏ်း၊ မောင်လှိုင်ဖြိုးဟိဏ်းတို့၏ ဦးလေးသည် ၁၀-၄-၂၀၀၄ရက် နံနက် ၅:၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၄-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးချုပ်စိန်လွင်(ငြိမ်း)
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ ကန်ရိပ်သာလမ်း၊ ခြံအမှတ်(၁၆) နေ ဦးရွှေရင်-ဒေါ်မာကြီးတို့၏ သား၊ ဦးစံရင်-ဒေါ်နှင်းလှိုင်တို့၏ သားသမက်၊ ဒေါ်တင်တင်လှိုင်၏ခင်ပွန်း၊ ဒေါ်လဲ့လဲ့လွင်၊ ဦးကျော်လွင်ဦး-ဒေါ်ကြည်ကြည်မေ၊ဦးရဲလွင်ဦး၊ဦးမင်းလွင်ဦး-ဒေါ်မာမာဦး၊ဦးလှဝေ-ဒေါ်ချိုလွင်ဦး၊ ဦးယုလွင်ဦး-ဒေါ်ခင်ယဉ်ယဉ်ထွန်း၊ ဒေါ်စောသုမာလာလွင်ဦးတို့၏ဖခင်၊ မြေး ၁၁ယောက်တို့၏အဘိုးသည် ၉-၄-၂၀၀၄(သောကြာနေ့) နံနက် ၀၇:၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၁-၄-၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၀၉:၀၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မမ (Daisy)
အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်း၊ အမှတ်(၁၁၅)နေ ဒေါက်တာမျိုးပိုင်၏ ဇနီး၊ ဦးစိုးပိုင်-ဒေါ်စောယုတင့်၊ ဦးဝရ၊ ဦးကျော်ပိုင်-ဒေါ်အိအိမြတ်တို့၏ အစ်မ၊ ဦးထွန်းလှစိုး-ဒေါ်ခင်မျိုးဦး၊ ဦးမျိုးဝင်း-Chew Bee Bee၊ ဦးဌေးလှိုင်-ဒေါ်ကြည်ကြည်မျိုးပိုင်၊ ဦးမိုးအောင်မြင့်-ဒေါ်ယဉ်ယဉ်မျိုးပိုင်တို့၏ မိခင်၊ ရဲမင်းထွန်း၊ ဝါဝါလှိုင်၊ စည်သူထွန်း၊ Bryan Win၊ သင်းသင်းအောင်မြင့်တို့၏ အဘွား ဒေါ်ခင်မမသည် ၁၀-၄-၂၀၀၄ရက် နံနက် ၁:၁၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးသက်စံ(ခေးခေး)
အသက်(၄၅)နှစ်
B.A (Geography)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ (၆၃/၁)၊ နတ်မောက်လမ်းသွယ်(၁)နေ (ဦးအုန်းမောင်၊ ညွှန်ကြားရေးမှူး၊ အငြိမ်းစား၊ အကောက်ခွန်ဦးစီးဌာန)-ဒေါ်ခင်တင့်တို့၏ သား၊ (ဦးသီဟန်၊ နိုင်ငံခြားရေးဝန်ကြီး၊ ငြိမ်း)-ဒေါ်အေးခင်တို့၏ သားသမက်၊ ဒေါ်တင်သန်းအေး(မဖြူ)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးအောင်ကြည်-ဒေါ်အေးအေးခိုင်၊ ဗိုလ်မှူးစိုးမြင့်(လေ၊ ယာယီတပ်မှူး)-ဒေါ်ခင်နှင်းရီတို့၏ ညီ/မောင်၊ ဦးဝင်းမြင့်-ဒေါ်နီနီဝင်း၊ ဦးအေးကျော်၊ ဒေါ်အိအိခင်တို့၏ အစ်ကို၊ တူ၊ တူမသုံးယောက်တို့၏ ချစ်လှစွာသော ဦးလေးသည် ၉-၄-၂၀၀၄ (သောကြာနေ့) ည ၉နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၁-၄-၂၀၀၄ (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၅-၄-၂၀၀၄ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဗိုလ်စိုးနိုင်
အသက်(၂၈)နှစ်
D.S.A (41)

မအူပင်မြို့နေ ဒေါက်တာတင်အောင်သန်း၊ ဒေါ်လှချိုမာတို့၏သားကြီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊သုခဖြတ်လမ်း၊အောင်ချမ်းသာရပ်ကွက်၊ အမှတ်(၈) နေ ဦးသိန်းနိုင်-ဒေါ်ယုယုဝင်းတို့၏ သားသမက်၊ မောင်အောင်မြတ်၊ မောင်သွင်ထူးအောင်တို့၏အစ်ကို၊ မသဇင်ကိုကို၏ခင်ပွန်း၊ မောင်သူရနိုင်၏ ဖခင်သည် ၉-၄-၂၀၀၄ (သောကြာနေ့)တွင် မင်္ဂလာဒုံစစ်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၁-၄-၂၀၀၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အေးရီ (၇၈)နှစ်
(ဘိုကလေး)

ဘိုကလေးမြို့၊ စတီးပွဲစားကြီး (ဦးစိန်ညွန့်-ဒေါ်သိန်းခင်)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ စစ်တောင်းရိပ်မွန်၊ မြမင်္ဂလာလမ်း၊ တိုက်(၇)၊ အခန်း(၂၀၁)နေ (ဦးလှအောင်)၏ ဇနီး၊ ဦးလှသိန်း-ဒေါ်သန်းသန်းနုတို့၏မိခင်၊ မောင်သီဟအောင်(VII-F-TTC)၊ မောင်ကျော်စွာအောင်(V A-TTC) တို့၏ဘွားဘွားကြီးသည် ၉-၄-၂၀၀၄ရက် ညနေ ၅:၂၀နာရီတွင် ကွယ်လွန်ပါ၍ ၁၀-၄-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

မောင်မြတ်သူရ
အသက်(၂၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်၊ စံပြဖဆပလရပ်ကွက်၊ တိုက်(၉)၊ အခန်း(၁)နေ (ဦးအောင်သိန်း-ဒေါ်ခင်ကြည်)၊ ဦးမောင်မောင် - (ဒေါ်စိုးတင့်)တို့၏ ချစ်လှစွာသော မြေး၊ ဦးတင်အေး-ဒေါ်ခင်စိုးဝင်းတို့၏ တစ်ဦးတည်းသော သား၊ မမြတ်စုလှိုင်၏ ချစ်လှစွာသော မောင်၊ ဦးအောင်ခိုင်(Sembcorp Pte., Ltd.) - ဒေါ်ဥမ္မာသိန်း(အထက-၄၊ မင်္ဂလာတောင်ညွန့်)၏ ချစ်လှစွာသော တူလေး မောင်မြတ်သူရသည် ၁၀-၄-၂၀၀၄ (စနေနေ့) နံနက် ၁၁:၁၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၃-၄-၂၀၀၄ (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်မှူး(၇၅)နှစ်
ရေမျက်နီရွာ

မကွေးတိုင်း၊ ထီးလင်းမြို့နယ်၊ ရေမျက်နီရွာနေ ဦးသာထွတ်-ဒေါ်ဖွားကြွယ်တို့၏ သား၊ နော်စောအေး၏ ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးမြဝင်း(တပ်ရင်းမှူး၊ ဆီဆိုင်)-ဒေါ်အေးအေးမော်(အထက၊ ဆီဆိုင်)၊ ဦးကျော်တင်-ဒေါ်ခင်ပို၊ ဦးညိုတင်[B.Sc(Phy)]-ဒေါ်ဆန်းဆန်းနွယ်(B.A)၊ မရွှေတန်[B.A(Hist)၊ မကွေးဆေးရုံကြီး]တို့၏ ဖခင်သည် နေအိမ်၌ ၆-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၈-၄-၂၀၀၄ရက်တွင် ရေမျက်နီရွာသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

မောင်မြတ်သူရ
အသက်(၂၆)နှစ်

ရန်ကုန်မြို့နေ ဦးဝင်းမြင့်-ဒေါ်ဖြူဖြူအောင်၊ဦးညွန့်ဝင်း၊ ဘားအံမြို့နေ ဦးခင်ဝင်း-ဒေါ်လှလှငွေ၊ ဦးအေးဝင်း-ဒေါ်ခင်မြင့်ဦး၊ ဦးနီ-ဒေါ်ခင်အေးမော်၊ ဦးထင်ကျော်-ဒေါ်ချိုချိုကြည်၊ဦးငွေအောင်-ဒေါ်စန်းစန်းအေး၊ ဦးတင့်အောင်-ဒေါ်သက်သက်၊ ဒေါ်ခင်မြတ်မော်တို့၏ ချစ်လှစွာသော တူလေး မောင်မြတ်သူရသည် ၁၀-၄-၂၀၀၄ (စနေနေ့) နံနက် ၁၁:၁၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၃-၄-၂၀၀၄ (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ မြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ ၂၉၆၅၇၇၊ ပုံနှိပ်၂၉၂၈၃၀။ R/184

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆) ကျောင်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

ရန်ကုန် မေ ၁၀

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆) ကျောင်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယမန်နေ့ည ၇ နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းတန်းပေါင်းစီကွင်း၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ချီးမြှင့်သည်။ (အပေါ်ပုံ)

ကျောင်းဆင်းဂုဏ်ပြု ညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယ ဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ တိုင်းမှူးများ၊ အစိုးရအဖွဲ့ - အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ မန္တလေးမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြင်ဦးလွင် တပ်နယ်မှူးနှင့် တပ်မတော် အရာရှိကြီးများ၊ တပ်မတော်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းဆင်း အရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများတက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြည့်ရှုစစ်ဆေး

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မေ ၉ ရက်က ရသေ့တောင်မြို့ အခြေခံပညာ အထက်တန်းကျောင်း Multi Media စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြို့နယ်တာဝန်ခံ ဌာနဆိုင်ရာတာဝန်ရှိသူများ ကျေးလက်ဒေသများအရောက်သွား ပြည်သူများ၏ လိုအပ်ချက်၊ လိုလားချက်များကို သိရှိအောင် လေ့လာဖြည့်ဆည်းပေး မှန်ကန်သည့်စီမံခန့်ခွဲမှုဖြင့် ပြည်သူများ၏ လေးစားမှု အားကိုးမှုရရန် ဆောင်ရွက်

ရန်ကုန် မေ ၁၀

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မေ ၉ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် မိုးစဲကျွန်း၌ ကျင်းပသည့် မြတ်ဗုဒ္ဓ၏ ပါဒခြေတော်ရာ မဟာသုဝဏ္ဏ ပါသာဒ ဂန္ဓကုဋိကျောင်းတော်ကြီးနှင့် အတွင်းကြေးပြာသာဒ်တော် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြပြီးနောက် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးလိုက်ပါလျက် နံနက် ၁၁ နာရီတွင် ရသေ့တောင်မြို့သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ★